# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၀၀)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ ကြာသပတေးနေ့။


## မေတ္တာသည် အတ္တမဟုတ်

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

## နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များပူးပေါင်းဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လို

စာ » ၃

# နှစ်ဦးနှစ်ဖက်စာချုပ်ချုပ်ဆိုပြီးစီးသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တင်ရေးစတင်မည်

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို တစ်နှစ်လျှင် ခရီးသည် ခြောက်သန်း အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရေးအတွက် အဆင့်မြှင့်တင်ခြင်းနှင့် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများ လုပ်ဆောင်ရေး စီမံကိန်းများ စတင်ဆောင်ရွက်တော့မည် ဖြစ်ကြောင်း သိရသည်။

"နိုင်ငံတကာ အဆင့်မီလေဆိပ်တစ်ခုဖြစ်ဖို့ တည်ဆောက်ရေးလုပ်ငန်းအပါအဝင် ဝန်ဆောင်မှုကဏ္ဍတွေ မြှင့်တင်ပေးသွားမှာ ဖြစ်ပါတယ်။ လက်ရှိမှာ ရန်ကုန်လေဆိပ်ကနေ ဝင်ရောက်လာတဲ့ ခရီးသည်ဦးရေက အများဆုံးမို့ ခရီးသည်တွေအတွက် ဝန်ဆောင်မှုအပြည့်အဝရရှိအောင် ဆောင်ရွက်သွားဖို့ရှိပါတယ်။ အဆင့်မြှင့်တင်ခြင်းတွေကို စာချုပ်ချုပ်ဆိုပြီးချိန်ကနေ စတင်လုပ်ဆောင်မှာပါ"ဟု Yangon Aerodrome Co., Ltd. မှ ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ပြောကြားသည်။

**သတင်း-ခင်ရတနာ ➤ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ပို့ဆောင်ရေး ဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် Yangon Aerodrome ကုမ္ပဏီလီမိတက်တို့အကြား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်း Concession Agreement လက်မှတ်ရေးထိုးခြင်းကို ဇန်နဝါရီ ၆ ရက်က ပြုလုပ်နိုင်ခဲ့ပြီဖြစ်၍ လုပ်ငန်းများကို စတင်အကောင်အထည်ဖော်နိုင်ပြီ ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အေးရှားဝေါလ်

*စာမျက်နှာ ၁၃ ကော်လံ ၁* ❁



## ယနေ့ မာတိကာ


**အီဘိုလာဆေး လိုက်ဘေးရီးယား၌ စမ်းသပ်** — စာ » ၄

**တောင်ငူမြို့ ချမ်းမြေ့ တည်းခိုခန်းတွင် ပုံးဖောက်ခဲ့သူကို သေဒဏ်ချမှတ်** — စာ » ၅

**ကိုရီးယားနိုင်ငံသား မေ့ကျန်ခဲ့သောအိတ် ကမ္ဘာလှည့်ခရီးသွား လုံခြုံရေးရဲတပ်ဖွဲ့မှ ပိုင်ရှင်ထံပြန်လည်ပေးအပ်** — စာ » ၈


## ထူးခြားသည့်ညအပူချိန်များ

၇-၁-၂၀၁၅

ဟားခါးမြို့
-၁ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့
၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့
၄ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့
၆ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့
၆ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့
၆ ဒီဂရီစင်တီဂရိတ်

# စိတ်စေတနာပြည့်ဝစွာ ဝန်ဆောင်မှုများပေးနေသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံကြီး

သတင်းဆောင်းပါး
သိမ့်သိမ့်မိုး၊ ချြုးစန္ဒီနွေး
(မြန်မာ့အလင်း)

နာကျင်စွာအော်ဟစ်ရင်းက ကိုယ့်ကိုယ်ကိုယ်အသက်ပြန်ရှင်နိုင်ပါတော့မလား၊ ငါ့ဝမ်းထဲက ကလေးရော အသက်ရှင်နိုင်ပါတော့မလားဟု မမြင့်မြင့်ဇင်တစ်ယောက် ချောက်ချားစွာ တွေးတောနေမိခဲ့သည်။

"ကိုယ့်ကိုယ်ကိုယ်သေပြီလို့မှတ်ယူထားတာပါ။ ဘယ်လိုကျေးဇူးပြန်ဆပ်ရမှန်းကိုမသိဘူး၊ ကျေးဇူးတင်လွန်းလို့ ဆေးရုံအုပ်နဲ့တကွ၊ ဆရာမကြီးတွေရော သူနာပြုတွေကိုပါ ပြောမတတ်အောင် ကျေးဇူးတင်မိနေပါတယ်။ တစ်ခါမှလည်းမကြုံဖူးဘူး၊ အဆင့်အတန်းလည်း မခွဲဘူး၊ ခွဲစိတ်ခကအစ *စာမျက်နှာ ၁၁ ကော်လံ ၁* ❐






## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတစ်ပါး

နိုင်ငံတော်အနေဖြင့် တိုင်းပြည်နှင့်လူမျိုးတို့အတွက် အသက်ကိုပဓာနမထားဘဲ စွန့်စွန့်စားစား၊ ရှပ်ရှပ်ချွံချွံ စွမ်းဆောင်ပေးနိုင်ကြသူများအား နှစ်စဉ်လွတ်လပ်ရေးနေ့အခါသမယတွင် တခမ်းတနား ဂုဏ်ပြုချီးမြှင့်လေ့ရှိပါသည်။ ဤသို့ ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုချီးမြှင့် ခြင်းသည်ပင်လျှင် မင်္ဂလာတစ်ပါးပင်ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၅ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းခြင်း အခမ်းအနား၌ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရန် ရည်မှန်းချက်ထား၍ ဘက်စုံထောင့်စုံမှ တည်ဆောက်လျက်ရှိရာ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ကြသည့် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးကဲကောင်းမွန်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းဖြစ်ပါကြောင်း၊ ယခုရရှိသည့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များသည် မိမိတို့ဖြတ်သန်းခဲ့ရသော ခက်ခဲကြမ်းတမ်းသည့်ဘဝကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့ကြသည့် မိမိတို့၏ စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ခြင်းခံခဲ့ရသည့် သင်္ကေတအမှတ်အသားတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့၏ ဘဝတစ်သက်သာမက မိမိတို့၏ သားစဉ်မြေးဆက်တိုင် ဂုဏ်ယူဖွယ်ရာဖြစ်သည့် အထိမ်းအမှတ်တစ်ခုလည်း ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

နိုင်ငံတော်အတွက် ကြံ့ခိုင်သောစိတ်ဓာတ်၊ စံတင်ထိုက်သော စွမ်းရည်၊ ဂုဏ်ယူထိုက်သော စွန့်စားခြင်းမျိုးနှင့် ထူးချွန်စွာဆောင်ရွက်နိုင်ခဲ့သည့် ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူများကို လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ပြုပွဲအခမ်းအနားများ ကျင်းပပြုလုပ်ပြီး ချီးမြှင့်ခဲ့ရာ ၂၀၁၂ ခုနှစ်တွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်နိုင်ခဲ့သော်လည်း ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသူ ပုဂ္ဂိုလ်များအား အခမ်းအနားဖြင့် ပေးအပ်ချီးမြှင့်နိုင်ခဲ့ခြင်း မရှိသဖြင့် ယခုနှစ်တွင် တစ်စုတစ်စည်းတည်း အပ်နှင်းချီးမြှင့်ခဲ့ကြောင်း သိရပါသည်။ ၂၀၁၄ ခုနှစ်တွင် ချီးမြှင့်အပ်နှင်းခံရသည့် ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့ဖြစ်သော သရေစည်သူဘွဲ့ရရှိသူတစ်ဦး၊ ၂၀၁၃ ခုနှစ်တွင် သူရဘွဲ့ရရှိသူသုံးဦး၊ ၂၀၁၄ ခုနှစ်တွင် သီဟသူရဘွဲ့ရရှိသူတစ်ဦးနှင့် သူရဘွဲ့ရရှိသူ ခြောက်ဦးရှိရာ ယင်းတို့အား ဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်းဖြစ်ပါသည်။

ယခုနှစ်တွင် ထူးခြားချက်တစ်ရပ်မှာ ဤသို့ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ချီးမြှင့်ရုံသာမက နိုင်ငံတစ်ဝန်း အသက်အရွယ်အားဖြင့် ကြီးမြင့်သော အသက် ၁၀၀ နှင့်အထက် သက်ကြီးဝါကြီးအဘိုးအဘွား ၅၆၉ ဦးတို့အား ပြည်ထောင်စုအစိုးရအဖွဲ့မှ သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများရရှိသည့် လစဉ်ချီးမြှင့်ထောက်ပံ့ငွေ၏ ၂၅ ရာခိုင်နှုန်း စုဆောင်းထားရှိသောရန်ပုံငွေထဲမှ အထောက်အပံ့အဖြစ် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ သို့ပါ၍ ဤသို့ဂုဏ်ပြုထိုက်သူများအား ချီးမြှင့်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည့်အပြင် နိုင်ငံတစ်ဝန်း တိုင်းပြည်နှင့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားစွာ ဆောင်ရွက်တတ်သော လူတော်လူကောင်းများလည်း အစီအရီပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၇

**၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

### အိန္ဒိယသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အိန္ဒိယနိုင်ငံသမ္မတ ပရာနာဗ့်မူခါဂျီးက မိမိအစိုးရအဖွဲ့နှင့် ပြည်သူတို့ကိုယ်စားလည်းကောင်း၊ ကျွန်ုပ်အနေဖြင့်လည်းကောင်း၊ အဆွေတော်အား နွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်းပေးပို့သည်။ ပြီးခဲ့သောနှစ်များအတွင်း ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ ဆက်ဆံရေးအား ပိုမိုကျယ်ပြန့်နက်ရှိုင်းလာစေခဲ့ပါသည်။ ကျွန်ုပ်တို့နှစ်နိုင်ငံ၏ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မြဲစေရန် အဆွေတော်နှင့်လည်းကောင်း၊ အဆွေတော်ဦးဆောင်သော အစိုးရအဖွဲ့နှင့်လည်းကောင်း အတူတကွဆက်လက်လုပ်ဆောင်သွားနိုင်ရန် မျှော်မှန်းထားပါကြောင်း ဖော်ပြပါရှိသည်။

### ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ

မြန်မာနိုင်ငံနှင့်ပါကစ္စတန်နိုင်ငံတို့သည် ရင်းနှီးလှိုက်လှဲသော ဆက်ဆံရေးထားရှိပြီး ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်တို့၌ တူညီသော အသိအမြင် သဘောထားများရှိကြပါသည်။ နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရင်းနှီးချစ်ကြည်သော ဆက်ဆံရေးသည် အနာဂတ်တွင် ပိုမိုခိုင်မာတောင့်တင်းလာမည်ဟု ဝန်ကြီးချုပ် မိုဟာမက်နာဝပ်ရှာရစ်က ယုံကြည်မျှော်လင့်မိပါကြောင်း ဖော်ပြပါရှိသည်။

### မော်ရိုကိုဘုရင်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်အား မိမိအနေဖြင့် လှိုက်လှဲစွာဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားမှုကို အခြေပြုလျက် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ခိုင်မာစေရန် အဆွေတော်နှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် ဘုရင်မင်းမြတ် မိုဟာမက်(၆)က လွန်စွာဆန္ဒရှိပါကြောင်း အခါအခွင့်ကြုံခိုက် ဖော်ပြအပ်ပါသည်။

### ချက်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်မြန်မာနိုင်ငံပြည်သူများထံသို့ ကျွန်ုပ်မှ စစ်မှန်စွာ ဂုဏ်ယူဝမ်းမြောက်မှုအား ပို့သအပ်ပါသည်။

ကျွန်ုပ်တို့နှစ်နိုင်ငံအကြားတည်ရှိသည့် ချစ်ကြည်ရင်းနှီးသော နှစ်နိုင်ငံဆက်ဆံရေးသည်နယ်ပယ်အများအပြားတွင် ဆက်လက်၍ နက်ရှိုင်းစွာဖွံ့ဖြိုးတိုးတက်မည်ဟု ယုံကြည်ပါကြောင်း သမ္မတ မစ္စတာမီလော့စ်ဇီမန်းက အခါအခွင့်ကြုံခိုက် ဖော်ပြအပ်ပါသည်။

### ဆားဘီးယားသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဆားဘီးယားသမ္မတနိုင်ငံတို့အကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများအားလုံးတွင် အလုံးစုံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆက်လက်၍ တိုးမြှင့်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ဝန်ကြီးချုပ် အလတ်ဇန္ဒါးဗူချစ်က ခိုင်မာစွာယုံကြည်ပါကြောင်း အခွင့်ကြုံခိုက်ဖော်ပြအပ်ပါသည်။

### ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာ-ဘူလ်ဂေးရီးယား ဆက်ဆံရေးကို နှစ်နိုင်ငံအဆင့်သာမက အီးယူ-အာဆီယံနှင့် အေဆမ်ပူးပေါင်းဆောင်ရွက်မှုအဆင့်များတွင်လည်း ခိုင်မာလာစေရန်နှင့် တိုးချဲ့သွားလိုသည့် ကျွန်ုပ်၏ဆန္ဒကို အခွင့်ကြုံခိုက် ဖော်ပြအပ်ပါသည်။ အဆွေတော်၏ ဦးဆောင်မှုဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ လူမှုရေးဆိုင်ရာ တရားမျှတမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိလာစေရန် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဘူလ်ဂေးရီးယားနိုင်ငံ သမ္မတ ရိုဇန်ပလယ်နီလိဗ်က ထောက်ခံလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

### ချက်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်(၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ကျွန်ုပ်တို့နှစ်နိုင်ငံအကြား တည်ရှိသည့် ချစ်ကြည်ရင်းနှီးသော နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများသည် လေးနက်အောင်မြင်မည်ဟု ဝန်ကြီးချုပ်ဘိုဟူစလပ်ဗ်ဆိုဘော့ကာက ခိုင်မာစွာယုံကြည်ပါကြောင်း အခါအခွင့်ကြုံခိုက်ဖော်ပြအပ်ပါသည်။

# တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပေးအပ်သော မီးသတ်ယာဉ်အသစ်နှစ်စီး မြန်အောင်သို့ရောက်ရှိ

**မြန်အောင် ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှပေးအပ်သော မီးသတ်ယာဉ်အသစ်နှစ်စီး ဒီဇင်ဘာ ၆ ရက်က မြန်အောင်မြို့သို့ ရောက်ရှိလာရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့များ၊ ဒေသခံပြည်သူများက မြန်အောင်မြို့အဝင်မှ သွားရောက်ကြိုဆိုကြပြီး မြန်အောင်မြို့တွင်းသို့ လှည့်လည်ကြရာ မြို့ပေါ်ရပ်ကွက်များမှ ပျော်ရွှင်ဝမ်းမြောက်စွာ ကြိုဆိုကြသည်။

ယခုရောက်ရှိလာသော မီးသတ်ယာဉ် အသစ်နှစ်စီးနှင့် အခြားမီးသတ်ပစ္စည်းကိရိယာများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ဝယ်ယူ၍ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပေးအပ်ခြင်းဖြစ်သည်။ အဆိုပါ မီးသတ်ယာဉ်နှစ်စီးသည် ရေဂါလန် ၈၀၀ ဆံ့ ဒေါင်ဖန်းအမျိုးအစား မီးသတ်ယာဉ်များဖြစ်ပြီး မြန်အောင်မြို့အတွက် တစ်စီးနှင့် ကနောင်မြို့အတွက် တစ်စီးတို့ဖြစ်ကြောင်းသိရသည်။

မြန်အောင်မြို့ပေါ်တွင် ယခုအခါ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းရှိ ရေဂါလန် ၆၅၀ ဆံ့ တိုရိုတာ မီးသတ်ယာဉ်တစ်စီး၊ ရေဂါလန် ၈၀၀ဆံ့ ဒေါင်းဖန်း မီးသတ်ယာဉ်နှစ်စီး၊ ရေဂါလန် ၁၂၀၀ ဆံ့ အေရိုးလတ် မီးသတ်ယာဉ်တစ်စီး၊ ရေဂါလန် ၁၀၀၀ ဆံ့ချက်ပလက် ရေသယ်ယာဉ်တစ်စီး၊ ကင်တာမီးသတ်စက်ယာဉ်တစ်စီးတို့နှင့် မြန်အောင်မြို့ အမှတ်(၄)ရပ်ကွက်ရှိ မြန်အောင်မြို့သူမြို့သားများ စုပေါင်းဝယ်ယူထားသော ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးတို့ဖြင့် မြန်အောင်မြို့ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို အချိန်ပြည့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**








ပြည်တွင်းသတင်းနှင့် ကျော်ငြာ

# နိုင်ငံတကာအဖွဲ့ အစည်းများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များပူးပေါင်းဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လို

နေပြည်တော် ဇန်နဝါရီ ၇

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် International Republican Institute (IRI) ၏ ဌာနေညွှန်ကြားရေးမှူး Mr. Stephen Cima နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



ထိုသို့တွေ့ဆုံရာတွင် International Republican Institute ၏ ဌာနေညွှန်ကြားရေးမှူး Mr. Stephen Cima က IRI အနေဖြင့် နိုင်ငံရေးပါတီများ စွမ်းရည်မြှင့်တင်ရေးနှင့် မဲဆွယ်စည်းရုံးရေး စွမ်းရည်မြှင့်တင်ရေးအတွက် သင်တန်းများပို့ချလျက်ရှိကြောင်း၊ IRI အနေဖြင့် ပူးပေါင်းဆောင်ရွက်ရာ၌ နိုင်ငံရေးပါတီများအားလုံးပါဝင်စေလိုပြီး တန်းတူညီမျှပါဝင်နိုင်ဖို့ဆန္ဒရှိကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်ပညာပေးခြင်းကို ဆောင်ရွက်ရာတွင် ထိရောက်သောပညာပေးမှုဖြစ်စေရေး၊ လုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုကောင်းမွန်ရေးနှင့် မဲဆန္ဒရှင်များ ပညာပေးခြင်းဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများ မျှဝေပေးခြင်းတို့ကိုဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက IRI အနေဖြင့် ပူးပေါင်းဆောင်ရွက်မှုအတွက် ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအား ပွင့်လင်းမြင်သာစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်ရာတွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များအား သိရှိရန်နှင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ဥပဒေနှင့်အညီဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ CSO များထိတွေ့မှုများပါက ခင်မင်ရင်းနှီးမှုရှိလာမည်ဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုနားလည်မှုရရှိစေမည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများကိုလည်း နိုင်ငံရေးပါတီများ၊ CSO များနှင့် မကြာခဏ တွေ့ဆုံနိုင်ရေးဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း၊ IRI မှ ပြုလုပ်သည့်သင်တန်းများသို့ ကော်မရှင်ဝန်ထမ်းများကိုလည်း တက်ရောက်စေခြင်းဖြင့် နိုင်ငံရေးပါတီများ၊ CSO များနှင့် ထိတွေ့မှုရရှိပြီး ခင်မင်ရင်းနှီးမှုရရှိကာ လုပ်ငန်းများဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း၊ IRI အနေဖြင့် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပါက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ အသိပေးဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းသို့ တွေ့ဆုံရာတွင် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၂/၂၀၁၅)**
**၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)**

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၁)၊ ၁၅-၁၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၄၈/၂၀၁၂)၊ ၁၇-၁-၂၀၁၄ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၅/၂၀၁၄)နှင့် ၅-၈-၂၀၁၄ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃၀/၂၀၁၄) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ကချင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၈၇၃၈<br>ဗိုလ်မှူး မျိုးနိုင် | **(အစား)** | ကြည်း ၃၄၉၅၆<br>ဗိုလ်မှူး ဇော်လင်းအောင် |

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၂) | လေ ၂၆၆၇<br>ဗိုလ်မှူး ဟန်ဝင်းထွဋ် | **(အစား)** | လေ ၃၄၀၉<br>ဗိုလ်ကြီး ဟန်ဝင်းအောင် |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၃) | ကြည်း ၂၀၆၈၁<br>ဗိုလ်မှူး တိုးအောင် | **(အစား)** | ကြည်း ၂၅၀၉၇<br>ဗိုလ်မှူး အောင်သီဟ |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၄) | ကြည်း ၂၈၂၈၀<br>ဗိုလ်မှူး ဇော်မြင့်သူ | **(အစား)** | ကြည်း ၃၆၂၅၈<br>ဗိုလ်မှူး စံသာနေအောင် |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ်(၁/၂၀၁၅)**
**၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)**

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၂၁၃၀<br>ဗိုလ်မှူး မောင်မောင်ကြီး | **(အစား)** | ကြည်း ၃၆၂၅၃<br>ဗိုလ်မှူး ဖြိုးဝေတင့် |
| (၂) | ရေ ၃၆၃၆<br>ဗိုလ်မှူး မြင့်စိန် | **(အစား)** | ရေ ၄၁၄၆<br>ဗိုလ်မှူး အောင်ဖြိုးကျော် |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**နေပြည်တော်ကောင်စီကျန်းမာရေးဦးစီးဌာန**
**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး၊ ခုတင်(၁၀၀၀)၏ ဆေးရုံဝင်း ခြံစည်းရိုးကာရံခြင်း ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိဆ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၁-၂၀၁၅ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၅-၁-၂၀၁၅ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။
၃။ တင်ဒါတင်သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါ အာမခံကြေးပေးသွင်းပြီးမှသတ်မှတ်အိတ်ဖွင့် တင်ဒါပုံစံတင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။
နေပြည်တော်ကောင်စီကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီရုံး၊ နေပြည်တော်ကောင်စီနယ်မြေ
၅။ အသေးစိတ်သိရှိလိုသောအချက်များကို နေပြည်တော်ကျန်းမာရေးဦးစီးဌာနတွင်လည်းကောင်း ဖုန်း-၀၆၇-၅၅၀၂၉၄တွင် လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။



**ပျောက်ဆုံးကြောင်း**

ကျွန်တော် အောင်ညီညီသက် ၃/ဘအန(နိုင်)၁၄၀၂၇၇ CDC အမှတ် 54841 ၏ DSD-00305013 လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၆၃၆၃၃၇**



## ဂုဏ်ယူဝမ်းမြောက်ဆုတောင်းဂုဏ်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ဖြင့် ဒေါ်ညိုညိုဝေလွင်၊ အမှတ် ၆၊ လမ်းမကြီးလမ်း၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်အား ၂၀၁၅ခုနှစ်(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင် သုဓမ္မသိင်္ဂီဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နောင်အနာဂတ်တွင်လည်း မိသားစုနှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် သာသနာအကျိုး၊ နိုင်ငံအကျိုးတို့အား စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်တောင်း ဂုဏ်ပြုအပ်ပါသည်။

**ဦးစံသိန်း(အုပ်ချုပ်မှုဒါရိုက်တာ)**
**မေယု အလင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊**
**ရသေ့တောင်မြို့**


## မြို့ရှောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

**တပ်ကုန်း ဇန်နဝါရီ ၇**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာနှင့် ဆရာစံရပ်ကွက် မြို့ရှောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ်၌ ကျင်းပသည်။

နေပြည်တော် ကောင်စီဝင် တပ်ကုန်းမြို့နယ် တာဝန်ခံ ဦးမြင့်ရွှေက တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးထားမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ယနေ့ဖွင့်လှစ်သည့် ကတ္တရာလမ်းသစ်သည် အရှည် ၂ ဒသမ ၀၆ မိုင်၊ အကျယ် ၁၂ ပေ၊ ခန့်မှန်းကုန်ကျငွေ ကျပ် ၁၉၃ ဒသမ ၁ သန်းကုန်ကျခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

နိုင်ငံတကာသတင်း

# အီဘိုလာဆေး လိုက်ဘေးရီးယား၌ စမ်းသပ်

**လိုက်ဘေးရီးယား ဇန်နဝါရီ ၇**

အီဘိုလာကုသရန် အလားအလာကောင်းသော ဆေးဝါးတစ်မျိုးကို လိုက်ဘေးရီးယားနိုင်ငံ၌ စတင်စမ်းသပ်ခဲ့သည်။

အဆိုပါ ဘရစ္စစီဒိုဖိုဗီယာ အမည်ရှိ ဆေးဝါးကို အီဘိုလာရောဂါဝေဒနာရှင်များအား စတင်စမ်းသပ်ခဲ့ရာ ကနဦးရလဒ်အဖြေများကို လာမည့်လများအတွင်း သိနိုင်မည်ဖြစ်ကြောင်း အဆိုပါ သုတေသနကို ဦးဆောင်နေသော အောက်စဖို့ဒ်တက္ကသိုလ် သိပ္ပံပညာရှင်များက ပြောသည်။ အလားတူဆေးဝါးတစ်မျိုးကို ဒီဇင်ဘာလအတွင်းက ဂီနီနိုင်ငံ၌ စမ်းသပ်ခဲ့သည်။

အီဘိုလာရောဂါ ဖြစ်ပွားမှုကြောင့် လူပေါင်း ၈၀၀၀ ကျော် သေဆုံးသွားပြီဖြစ်ရာ အများစုမှာ ဂီနီ၊ ဆီရာလီယွန်နှင့် လိုက်ဘေးရီးယားနိုင်ငံသားများ ဖြစ်သည်။

ဘရစ္စစီဒိုဖိုဗီယာ ဆေးဝါးသည် အီဘိုလာရောဂါ ကူးစက်ခံရသူများ၏ ဆဲလ်ကို ထိရောက်စွာကုသနိုင်ခြင်းကြောင့် ကုသရန် ရွေးချယ်လိုက်ရခြင်းဖြစ်ကြောင်း အောက်စဖို့ဒ်တက္ကသိုလ် သိပ္ပံပညာရှင်များက ပြောသည်။

(ဘီဘီစီ)



# ပြင်သစ်သတင်းစာတိုက်တွင် ပစ်ခတ်မှုဖြစ်ပွားသဖြင့် အနည်းဆုံး လူ ၁၂ ဦးသေဆုံး



**ပါရီ ဇန်နဝါရီ ၇**

ပြင်သစ် သတင်းစာတစ်စောင်ဖြစ်သော ချာလီဟက်ဒို၏ ပါရီမြို့ရုံးခန်းတွင် ဗုဒ္ဓဟူးနေ့က သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားသဖြင့် အနည်းဆုံးလူ ၁၂ ဦးသေဆုံးပြီး လေးဦး အပြင်းအထန် ဒဏ်ရာရရှိကြောင်း ပါရီရှေ့နေရုံး၏ အတည်ပြုပြောကြား ချက်အရ သိရသည်။

ပြင်သစ်က ပါရီမြို့အနီး တစ်ပိုက်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှိုးဆော်ချက်ကို အမြင့်ဆုံးအဆင့်အထိ သတ်မှတ်ထားခြင်းမှာ တိုက်ခိုက်သူများအနေဖြင့် ပါရီတွင် နောက်ဆုံးပိတ်ပစ်ခတ်မှုများ ပြုလုပ်ပြီး ထွက်ပြေးသွားမည်ကို စိုးရိမ်ရ



**ဘာသာပြန်-စိုးသူရ**

သောကြောင့် ဖြစ်သည်။

"ဒီလုပ်ရပ်ဟာ အကြမ်းဖက်တိုက်ခိုက်မှုပါ။ ဒီရုံးကို တိုက်ခိုက်ဖို့ ခြိမ်းခြောက်တာ အကြိမ်ကြိမ် ခံခဲ့ရပါတယ်"ဟုအခင်းဖြစ်နေရာသို့ရောက်ရှိနေသော ပြင်သစ်သမ္မတ ဟော်လန်က ပြောကြားသည်။ "ဒီတရားခံတွေကို ဖမ်းဆီးပြီး တရားခွင်ကိုရောက်အောင် ပို့ဆောင်ရမယ်"ဟု ပြင်သစ်သမ္မတက ပြောကြားသည်။

အီရတ်နှင့် ဆာဟာရဒေသရှိ အစ္စလာမ္မစ်များ၏ အခိုင်အမာစခန်းများကို တိုက်ခိုက်နေသော ပြင်သစ်သည် အစ္စလာမ္မစ်များ၏ လက်တုံ့ပြန်ရန် ပစ်မှတ်တစ်ခုဖြစ်လာကြောင်း သမ္မတဟော်လန်က ပြောကြားသည်။

နောက်ထပ်ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက် တိုက်ခိုက်မှုများကို ကာကွယ်ရန်အတွက် အရေးပေါ်အစိုးရ အစည်းအဝေးကို အလ်(လ်)ဆီမြို့၌ ကျင်းပလျက်ရှိသည်။ (ဘီဘီစီ)

# တရုတ်တွင် ကျောင်းသား ၁၄၀ နိုရိုဗိုင်းရပ်စ်ကြောင့် နာမကျန်းဖြစ်

**ရှင်ဇန် ဇန်နဝါရီ ၇**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်ရှိ ကျောင်းတစ်ကျောင်းတွင် နိုရိုဗိုင်းရပ်စ်ကြောင့် ကျောင်းသား ၁၄၀ တို့ နာမကျန်းဖြစ်ခဲ့သည့်အတွက် စာသင်ခန်းများကို ခေတ္တပိတ်ထားလိုက်ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောသည်။ ရှင်ဇန်နိုင်ငံခြားဘာသာကျောင်းမှ မူလတန်းနှင့် ပထမတန်းကျောင်း သားများသည် ဇန်နဝါရီ ၅ ရက် နေ့လယ်ပိုင်းတွင် ဝမ်းဗိုက်နာကျင်ခြင်း၊ အော့အန်ခြင်းများ ခံစားခဲ့ရပြီးနောက် အစာအဆိပ်သင့်သည့် လက္ခဏာများ စတင်တွေ့ရှိခဲ့သည်ဟု ဆိုသည်။ ကျောင်းရှိ လူဦးရေ ၁၄၀၀ အနက် ၁၄၀ တွင် အလားတူလက္ခဏာများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဒေသဆိုင်ရာ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာနမှ စုံစမ်းစစ်ဆေးချက်များအရ ကျောင်းသားအများအပြား ပျို့အန်ခဲ့ကြခြင်းသည် နိုရိုဗိုင်းရပ်စ်ပိုး ကူးစက်မှုကြောင့်ဟု ဖော်ပြသည်။ ရောဂါပိုးကူးစက်ခံရသော ကျောင်းသားများကို ဆေးဝါးကုသမှုခံယူရန် မိဘများက ပြန်လည်ခေါ်ဆောင်သွားကြသည်။

ကျောင်းဧရိယာတစ်ဝိုက်တွင် ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး မူလတန်းနှင့် ပထမတန်းတွင် စာသင်ကြားမှုများ ခေတ္တရပ်ဆိုင်းထားသည်။ ပျို့အန်ခြင်း၊ ဝမ်းပျက်ခြင်း၊ အဖျားကြီးခြင်းနှင့် ကိုယ်လက်နာကျင်ကိုက်ခဲခြင်းတို့သည် နိုဂိုဗိုင်းရပ်စ်ပိုး ကူးစက်မှုကြောင့်ဖြစ်သော ရောဂါလက္ခဏာများဖြစ်ပြီး ရောဂါဖြစ်ပွားသူများမှာ ရက်အနည်းငယ်အတွင်း ပြန်လည်သက်သာလေ့ရှိကြောင်း သိရသည်။

(ဆင်ဟွာ)

# ဗီယက်နမ်တွင် ကမ္ဘာ့ကိုယ်ခံပညာပြိုင်ပွဲ ကျင်းပမည်

**ဟိုချီမင်း ဇန်နဝါရီ ၇**

ဗီယက်နမ်သည် ၂၀၁၅ ခုနှစ် ကမ္ဘာ့ကိုယ်ခံပညာစွမ်းရည် ပြိုင်ပွဲကို ဧပြီလ ၁၉ ရက်မှ ၂၅ ရက် ထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပ သွားမည်ဖြစ်ကြောင်း ဗီယက်နမ် အမျိုးသားအားကစားပြိုင်ပွဲများ စီမံခန့်ခွဲရေးအဖွဲ့အစည်းက ဇန်နဝါရီ ၇ ရက်က ၎င်း၏ဝက်ဘ်ဆိုက်တွင် ကြေညာခဲ့သည်။

ပြိုင်ပွဲကို နိုင်ငံတောင်ပိုင်း ဟိုချီမင်းမြို့တော်တွင်ကျင်းပရန် စီစဉ်ထားပြီး ပြိုင်ပွဲစည်းမျဉ်းသတ်မှတ်ချက် အခု ၂၀ အတွင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တရုတ်၊ ဂျပန်နှင့် ကနေဒါနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးရှိ ထောင်ချီသော ကစားသမားများကို ဆွဲဆောင်နိုင်ရန် မျှော်လင့်ထားသည်ဟု ဆိုသည်။

ရက်သတ္တတစ်ပတ်ကြာအောင် ကျင်းပမည့် ယင်းပြိုင်ပွဲကာလအတွင်း ယှဉ်ပြိုင်မည့်သူများအနေဖြင့် ကိုယ်ခံပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် အမြင်ဖလှယ်မှုများ ပြုလုပ်ကြမည်ဖြစ်သည်။ အခမ်းအနားကျင်းပရေးအတွက် ကမ္ဘာ့ကိုယ်ခံ ပညာစွမ်းရည်ဆိုင်ရာအဖွဲ့၊ ဗီယက်နမ်အမျိုးသား အားကစားစီမံခန့်ခွဲမှု အဖွဲ့အစည်းနှင့် ဟိုချီမင်းမြို့တော်နေလူထုကော်မတီတို့က ပူးပေါင်းစီစဉ်ဆောင်ရွက်ကြမည်ဟု သိရသည်။ (ဆင်ဟွာ)

# အဲအေးရှား QZ 8501 ၏ အမြီးပိုင်းကို ရှာဖွေတွေ့ရှိ

**ဂျကာတာ ဇန်နဝါရီ ၇**

ဂျာဗားပင်လယ်ပြင်တွင် ပျက်ကျခဲ့သော အဲအေးရှားလေယာဉ်၏ အမြီးပိုင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အင်ဒိုနီးရှား ရှာဖွေရေးသမားများက ပြောသည်။

လေယာဉ်အမြီးပိုင်းသည် လေယာဉ်ပျံသန်းမှုမှတ်တမ်း တည်ရှိရာနေရာဖြစ်ပြီး ၎င်းလေယာဉ်ပျံသန်းမှုမှတ်တမ်းသည် စုံစမ်းရှာဖွေသူများကို လေယာဉ်ပျက်ကျသည့် သဲလွန်စကို ပေးနိုင်လိမ့်မည်ဖြစ်သည်။

အဆိုပါ လေယာဉ်အမြီးပိုင်းကို ဒုတိယမြောက်ရှာဖွေရန် သတ်မှတ်ထားသောနေရာတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျရာမှုရင်းနေရာရှိ အပျက်အစီးများသည် ရေစီးကြောင့် မျောပါနိုင်သောကြောင့် လေယာဉ်ပျက် ရှာဖွေရေးသမားများသည် ရှာဖွေနေရာများကို တိုးချဲ့သတ်မှတ်ခဲ့ကြသည်။

ဝေဟင်ရှာဖွေမှုများ အပါအဝင် သင်္ဘောအစင်း ၃၀ ကျော်နှင့် အားဖြည့်ထားသော အဆိုပါနိုင်ငံစုံ လေယာဉ်ပျက် ရှာပုံတော်ကို ဆိုးရွားသောရာသီဥတုက ဟန့်တားနေသည်။

သက်တမ်း ၃၀ ရက်သာရှိသော အဆိုပါလေယာဉ်ပျံသန်းမှု မှတ်တမ်းကို ရှာဖွေရေးသမားများ ရှာဖွေတွေ့ရှိနိုင်လိမ့်မည်ဟု ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ နယူးဆောက်ဝေးလ်တက္ကသိုလ်မှ အကြီးတန်းလေကြောင်းသုတေသနဌာနမှူး ပီတာမာရော့စ်ဇကီက ရိုက်တာသတင်းဌာနသို့ ပြောခဲ့သည်။

ယခုအချိန်ထိ စုံစမ်းရှာဖွေသူများသည် ရုပ်အလောင်း ၄၀ ကို ရှာဖွေတွေ့ရှိခဲ့ပြီး ၎င်းရုပ်အလောင်းများကို ဒီအင်န်အေ စစ်ဆေးရန် တစ်ပတ်၊ နှစ်ပတ်လောက်ကြာဦးမည်ဖြစ်ကြောင်း အင်ဒိုနီးရှားဒုက္ခသည် စစ်ဆေးရေးယူနစ် အကြီးအကဲ အန်တွန်ကတ်စ်တီလာနီ၏ ဖော်ပြချက်ကို စထရိတ်တိုင်းမ်က ကိုးကား၍ ပြောခဲ့သည်။

ယနေ့ လေယာဉ်ပျက်ရှာဖွေရေးအဖွဲ့၏ ဦးတည်ချက်ဖြစ်သော လေယာဉ်အမြီးပိုင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါ အမြီးပိုင်းပေါ်တွင် အဲအေးရှား အမှတ်အသားပါရှိကြောင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအကြီးအကဲက မြို့တော်ဂျကာတာ၌ သတင်းထောက်များကို ပြောကြားခဲ့သည်။

(ဘီဘီစီ)

# ဆင်မျူရယ်အက်ဒမ်နှင့် ပေါလ်ရယ်ဗယ်ရီတို့ မြှုပ်နှံခဲ့သော ဘူးအတွင်း သမိုင်းမှတ်တမ်းမှတ်ရာများ တွေ့ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၇**

လွန်ခဲ့သော နှစ် ၂၂၀ က ဆင်မြူရယ် အက်ဒမ်၊ ပေါလ်ရယ်ဗယ်ရီနှင့် ခေတ်ပြောင်းတော်လှန်ရေးဗိုလ်မှူးကြီး ဝီလျံစကော်လီတို့ မြှုပ်နှံခဲ့သည့် သတင်းစာ ငါးစောင်၊ ၁၆၅၂ ခုနှစ်ကာလက ဒင်္ဂါးပြား ၂၀၊ ဂျော့ဝါရှင်တန်ပုံပါ ဆုတံဆိပ်တစ်ခု၊ ပစ္စည်းများ ထည့်မြှုပ်ထားသည့် ဘူးတစ်ခုအတွင်းမှ ငွေပြားတစ်ခုတို့ကို ဘော်စတွန် အနုပညာပြတိုက်မှူး ဟတ်ချ်ဖီးလ်ကအင်္ဂါနေ့က ရှာဖွေတွေ့ရှိခဲ့သည်။

မှတ်တမ်းမှတ်ရာများ ပါရှိသော အဆိုပါ ပစ္စည်းထည့်ဘူးကို ၁၈၅၅ ခုနှစ်က တည်ဆောက်ခဲ့သည်။ မက်ဆာချူးဆက် နိုင်ငံတော် ညီလာခံဂေဟာ၌ မမျှော်လင့်ဘဲ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သို့သော် ယင်းတို့နှင့် သက်ဆိုင်သော အကြောင်းအရာများကို တိတိကျကျပြောဆိုနိုင်ခြင်း မရှိခဲ့ပေ။အကောင်းပကတိနီးပါးအတိုင်း ရှိနေသော သတင်းစာများနှင့် ပျက်စီးနေသော ဒင်္ဂါးပြားအချို့ကိုလည်း တွေ့ရှိခဲ့သလို ငွေပြားပေါ်ရှိ စာကိုလည်း ၎င်းတို့ ဖတ်နိုင်ခဲ့ကြသည်။ အဆိုပါ အဆောက်အအုံကို မက်ဆာချူးဆက်နေသဟာယ အစိုးရအဖွဲ့၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်မှုများအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် နေသဟာယအစိုးရအဖွဲ့ဝင် အုပ်ချုပ်ရေးမှူး ဆင်မြူရယ်အက်ဒမ်က ပန္နက်ချခဲ့ခြင်းဖြစ်သည်။

ပစ္စည်းထည့်ဘူးကို ရှာဖွေဖော်ထုတ်နိုင်ခြင်းသည် မိမိတို့ ရှာဖွေထိန်းသိမ်းသူများ၏ အသက်ရှင်ရပ်တည်ချက်ပင်ဖြစ်ကြောင်း ဟတ်ချ်ဖီးလ်က ပြောခဲ့သည်။ ယခုရှာဖွေတွေ့ရှိသော သမိုင်းဝင်ပစ္စည်းများကို မည်သို့မည်ပုံ လုပ်ဆောင်ရမည်ကို အရာရှိများက စဉ်းစားဆုံးဖြတ်နေကြသည်။ (ဝါရှင်တန်ပို့စ်)



ဆင်မျူရယ်အက်ဒမ်နှင့် ပေါလ်ရယ်ဗယ်ရီတို့ မြှုပ်နှံခဲ့သော ပစ္စည်းထည့်ဘူးအတွင်းမှ ဒင်္ဂါးများ တွေ့ရှိစဉ်။

# တောင်ငူမြို့ ချမ်းမြေ့တည်းခိုခန်းတွင် ပုံးပေါက်ခွဲသူကို သေဒဏ်ချမှတ်

**တောင်ငူ ဇန်နဝါရီ ၇**

တောင်ငူမြို့ (၁၇) ရပ်ကွက် ကန်လမ်းရှိ ချမ်းမြေ့တည်းခိုခန်းတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၁ ရက်က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှု၌ အဓိကပါဝင်ပတ်သက်သူ စောထွန်းထွန်းကို ၂၀၁၄ ခုနှစ် ဇူလိုင် ၄ ရက်က တောင်ငူခရိုင် တရားရုံးက ၁၉၈၀ ခုနှစ် ပေါက်ကွဲစေတတ်သော အက်ဥပဒေပုဒ်မ (၃)ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်တိတိ ချမှတ်လိုက်ပြီး လူသတ်မှုဖြင့် ဆက်လက်တရားစွဲဆိုထားခဲ့သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုတွင် ချမ်းမြေ့တည်းခိုခန်း၌တည်းခိုသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် တောင်ငူခရိုင်တရားရုံးမှ ပုဒ်မ(၁၀၂)ဖြင့် ရုံးတင်တရားစွဲဆိုခဲ့ရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၇ ရက်က ပုဒ်မ ၁၀၂ (၁)(ခ)အရ သေဒဏ်ကျခံစေပြီး ပုဒ်မ ၃၂၆ အရ အလုပ်နှင့်ထောင်ဒဏ်ငါးနှစ်နှင့် ပုဒ်မ ၃၂၄ အရ အလုပ်နှင့် ထောင်ဒဏ်နှစ်နှစ် ချမှတ်လိုက်ကြောင်း တောင်ငူခရိုင်တရားရုံးမှ သိရသည်။

**သူရ(တောင်ငူ)**



ပြည်တွင်းသတင်းနှင့် ကြော်ငြာ

## မြို(ခ)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ ပါတီအား မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီအမည်သို့ပြောင်းလဲခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၃/၂၀၁၅)**
**၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)**

**မြို(ခ) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ပါတီအား မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY) အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၁)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **မြို(ခ) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ပါတီ**သည် ယင်းပါတီ၏အမည်ကို **မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏ တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီးပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **မြို(ခ)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ပါတီ**အား ၇-၁-၂၀၁၅ ရက်နေ့မှစ၍ **မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**အမိန့်အရ**
**တင်ထွန်း**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ချက်လက်မှတ်ပေါ်တွင် လက်မှတ်တုထိုးပြီး ငွေကျပ်သိန်း ၂၅၀၀ လိမ်လည်ထုတ်ယူမှုဖြစ်ပွား

**မန္တလေး ဇန်နဝါရီ ၇**

ချက်လက်မှတ်ပေါ်တွင် လက်မှတ်အတုထိုးပြီး ငွေကျပ်သိန်း ၂၅၀၀ ကို လိမ်လည် ထုတ်ယူသွားသူ ဦးအောင်ကိုလတ်နှင့် ဧရာဝတီဘဏ်လီမိတက် မန္တလေးဘဏ်ခွဲ(၆) မန်နေဂျာ ဦးမြင့်ဇော်ဦးတို့ကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီခွဲက အရေးယူပေးပါရန် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၅၇ လမ်းနှင့် ၅၈ လမ်းကြား မနော်ဟရီလမ်းနှင့် နှင်းဆီလမ်းကြား ဖ-၃/၈၆ နေ ဒေါ်ဆွေဆွေလွင် (ဒေသဆိုင်ရာ ဒုတိယမန်နေဂျာ၊ ဧရာဝတီဘဏ်လီမိတက်)က တိုင်တန်းကာ ချမ်းအေးသာစံမြို့နယ် မြို့မရဲစခန်း၌ အမှုဖွင့်ထားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီဘဏ် လီမိတက်ဘဏ်ခွဲ(၆)တွင် စာရင်းဖွင့်ထားသူ ဒေါ်ယဉ်လဲ့က ၎င်း၏ ချက်လက်မှတ်တစ်ရွက် ပျောက်ဆုံးနေသည့်အတွက် ဘဏ်စာရင်းတွင် တိုက်ဆိုင်စစ်ဆေးသည့်အခါ ၂၀၁၄ ခုနှစ် ဇူလိုင် ၄ ရက်တွင် အဆိုပါ ချက်လက်မှတ်ဖြင့် ဦးအောင်ကိုလတ်က ငွေထုတ်ယူသွားခဲ့ကြောင်း၊ ချက်လက်မှတ်ပေါ်တွင်ပါရှိသည့်လက်မှတ်မှာ ၎င်း၏ လက်မှတ်မဟုတ်ကြောင်း ငြင်းဆိုသည့်အပြင် ငွေထုတ်သူ ဦးအောင်ကိုလတ်ကိုလည်း သိရှိနိုင်ခြင်းမရှိကြောင်း ပြောပြချက်အရ တရားလိုက ဧရာဝတီဘဏ်လီမိတက်ရုံးချုပ်သို့တင်ပြပြီး စိစစ်ရာ ချက်လက်မှတ်ငွေကိုထုတ်ယူသူမှာ ဦးပြည့်ဖြိုးအောင်၏ မှတ်ပုံတင်နံပါတ်ဖြင့် ယာဉ်မောင်းလိုင်စင် ပြုလုပ်ခဲ့သူ ဦးအောင်ကိုလတ်က ထုတ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ချက်လက်မှတ်မှာ ဧရာဝတီဘဏ်လီမိတက်(၆)မှ ချက်လက်မှတ်ဖြစ်သော်လည်း ချက်လက်မှတ်ပါငွေကို ဧရာဝတီဘဏ်လီမိတက်(၅)မှ ထုတ်ယူသွားခြင်းဖြစ်ကြောင်း၊ ဒေါ်ယဉ်လဲ့၏ဘဏ်စာရင်းတွင် ငွေများရှိကြောင်းကို မန္တလေးဘဏ်ခွဲ(၆) တာဝန်ရှိသူများသာ သိရှိနိုင်သဖြင့် ဘဏ်ရုံးချုပ်တွင် သံသယရှိသူ မန်နေဂျာ ဦးမြင့်ဇော်ဦးအား ခေတ္တတွဲဖက်ထားရာမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ငွေလိမ်လည်ထုတ်ယူသူ ဦးအောင်ကိုလတ်၊ မန်နေဂျာ ဦးမြင့်ဇော်ဦးနှင့် အခြားပူးပေါင်းကြံစည်သူများကို အရေးယူပေးပါရန် တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# ငွေကျပ် ၁၅ သိန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မိုးကုတ် ဇန်နဝါရီ ၇**

နယ်မြေခံတပ်နှင့်အဖွဲ့၊ မိုးကုတ်မြို့နယ်ရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့တို့ ပူးပေါင်းအဖွဲ့သည် မိုးကုတ်-မိုင်းလုံကားလမ်းပေါ်ရှိ လယ်ကြီး ရဲကင်းရှေ့တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်မိုင်းလုံမှ မိုးကုတ်သို့ မောင်းနှင်လာသော ဆိုင်ကယ်ကို မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ ငွေကျပ် ၁၅ သိန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၄ ရက်က အမှတ်(၃) စစ်ဗျူဟာအဖွဲ့ လက်အောက်ခံတပ်ရင်းမှ တပ်ကြပ်ကြီး သန်းထိုက် ဦးစီးသောအဖွဲ့၊ မူးယစ် တပ်ဖွဲ့စု(၁၆)မှ ရဲအုပ်သိန်းဌေး ဦးစီးသောတပ်ဖွဲ့နှင့် မိုးကုတ်မြို့ မြို့မစခန်း လယ်ကြီးရဲကင်းမှ



ရဲတပ်ကြပ်ကြီးလှထွန်းရွှေ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်တလုံးကျေးရွာ ရာအိမ်မှူး ဦးဝင်းမောင်နှင့်အတူ လယ်ကြီးရဲကင်းတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် မိုင်းလုံမှမိုးကုတ်သို့ မောင်းနှင်လာသော ရွှေနီရောင် ၁၂၅ ကန်ဘို ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ အိတ်ကပ်အတွင်းရှိ စီးကရက်ဘူးထဲတွင် ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် ၀ ဒသမ ၄ ဂရမ်ခန့်ကို ပင်နီဆီလင်ပုလင်းဖြင့်ထည့်၍ လည်းကောင်း၊ အင်္ကျီအိတ်ကပ်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် ၁၀ ဂရမ်ပါ ဆပ်ပြာ ခွက် တစ်ခွက်နှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ ကို လည်းကောင်း စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၁၅ သိန်းကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများအား ရှာဖွေတွေ့ရှိရာ သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့်သိမ်းဆည်းခဲ့သည်။

မူးယစ်ဆေးဝါးများအား လက်ဝယ်တွေ့ရှိသူ ကျောက်မဲမြို့နယ် ကွမ်းမောက်ရွာနေ စိုင်းချစ်ဆွေအား မိုးကုတ်မြို့နယ် မြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေဝါ(မိုးကုတ်)**

# ဒဂုံမြို့သစ်(တောင်ပိုင်း)၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂၃) ရပ်ကွက် မိုးကုတ်လမ်း အမှတ် (၅၂၁) ဇမ္ဗူရတနာထွန်းသစ်စက်၌ ဇန်နဝါရီ ၆ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်က သစ်သားပေါင်းဖိုတွင် သစ်များပေါင်းရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ တိုင်းမီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသော်တာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်တို့ ကြီးကြပ်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာလင်းနှင့်အတူ သန္ဓေတပ်ဖွဲ့ဝင် တပ်ကြပ်ဝေဇင်နှင့် အဖွဲ့ဝင် ၃၈ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၂၈ ဦးတို့နှင့် အုပ်ချုပ်မှုယာဉ် သုံးစီး၊ အထောက်အကူပြုယာဉ် သုံးစီး၊ မီးသတ်ယာဉ် ၁၀ စီးတို့ဖြင့် ဝိုင်းဝန်း မီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ ၂၀ ပတ်လည် အကျယ်အဝန်းရှိသောအခန်း မီးလောင်ပျက်စီးခဲ့၍ တန်ဖိုး ငွေကျပ်ငါးသိန်းကျော် ဆုံးရှုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူမရှိကြောင်း သိရသည်။

ယင်းမီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဇမ္ဗူရတနာထွန်းသစ်စက်မှ တာဝန်ရှိသူတစ်ဦးကို သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စန်းမောင်(တောင်ဒဂုံ)**

MYANMAR MICROFINANCE BANK
မြန်မာအသေးစားငွေရေးကြေးရေးဘဏ်

မြန်မာအသေးစားငွေရေးကြေးရေးဘဏ်၏ "ဘုန်းကြီးလမ်းဘဏ်ခွဲ"ကို ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်တွင် ၈.၁.၂၀၁၅ ( ကြာသပတေးနေ့ )၌ ဖွင့်လှစ်ပြီး ဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိဘပြည်သူများအားသတင်းကောင်းပါးအပ်ပါသည်။

"အားလုံးအတွက် M M B"

ဘုန်းကြီးလမ်းဘဏ်ခွဲ
အမှတ် (၃၆)၊ ဘုန်းကြီးလမ်း(အောက်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Tel: (၀၁) ၂၃၀၁၈၁၄၊ ၂၃၀၁၈၁၅၊ ၂၃၀၁၈၁၆၊ ၂၃၀၁၈၁၇၊ ၂၃၀၁၈၁၈။
Fax: (၀၁) ၂၃၀၁၈၁၂၊ ၂၃၀၁၈၁၃။

ဥပဒေရေးရာ

*ပြည်သူများအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ဆောင်းပါးများကို အခါအားလျော်စွာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ဥပဒေရေးရာ စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# ဥပဒေကို မသိနားမလည်ခြင်းကြောင့် ကျူးလွန်မိပါသည်ဟုဆိုလာလျှင် ခွင့်လွှတ်၍မရပါ

ဦးမြသိန်း(ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ)

**ဥပဒေဆိုရိုးစကားတစ်ခုမှာ ''ဥပဒေကိုမသိနားမလည်ခြင်းကြောင့် ကျူးလွန်မိပါသည်ဆိုလာလျှင် ခွင့်လွှတ်၍မရပါ'' ဟူ၍ဖြစ်သည်။ ကမ္ဘာပေါ်ရှိ မည်သည့်တိုင်းပြည်တွင်မဆို မိမိတို့ကျင့်သုံးလျက်ရှိသော ဥပဒေစနစ်ဟူ၍ ရှိပါသည်။ မည်သူမဆိုနိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားဖြစ်စေ မိမိတို့ရောက်ရှိနေသည့် နိုင်ငံတော်၏ဥပဒေကို လေးစားလိုက်နာကြရမည်ဖြစ်သည်။ ယင်းမြေ၏ဥပဒေပင်ဖြစ်သည်။ ပြစ်မှုကျူးလွန်ပြီးနောက် ယင်းနိုင်ငံ၏ ဥပဒေကို မသိနားမလည်၍ ကျူးလွန်မိပါသည်ဟု ဆို၍မရပါ။ အပြည်ပြည်ဆိုင်ရာ လိုက်နာကျင့်သုံးလျက်ရှိသော ဥပဒေမူသဘောအရ ယင်းသို့ထုချေခြင်းကို လက်မခံပါ။ ကျိုးကြောင်းဆီလျော်မှုလည်းမရှိ၊ လက်ခံနိုင်ရန်အကြောင်းလည်းမရှိပါ။**

နိုင်ငံတစ်နိုင်ငံသို့ ဝင်ရောက်တော့မည်ဆိုပါလျှင် ယင်းနိုင်ငံ၏ရာသီဥတု၊ အဝတ်အစား၊ အစားအသောက်စသည်တို့ကို ကြိုတင်သိရှိလေ့လာထားရန်လိုအပ်သကဲ့သို့ ယင်းနိုင်ငံ၏ဓလေ့ထုံးတမ်း၊ ဘာသာရေးယုံကြည်ချက်၊ ဥပဒေတို့ကိုလည်း သိရှိလေ့လာထားရန်လိုအပ်ပါသည်။ ယင်းနိုင်ငံရှိ ဆောင်ရန် ရှောင်ရန်တို့ကိုလည်း သိရှိထားရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတော်သည် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ စုဝေးနေထိုင်ကြသော နိုင်ငံဖြစ်ပြီး ဗုဒ္ဓဘာသာဝင်အများစုနေထိုင်သောနိုင်ငံလည်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရတနာသုံးပါးဖြစ်သော ဘုရားရတနာ၊ တရားရတနာနှင့် သံဃာရတနာတို့ကို အလေးအနက်ထားကိုးကွယ်စည်းကပ်ကြသူများ ဖြစ်ကြပါသည်။

ဘုရားကျောင်းကန် စေတီပုထိုးတို့ကို သန့်စင်မွန်မြတ်သောနေရာဟု သတ်မှတ်ထားကြပါသည်။ နိုင်ငံခြားသားတစ်ဦးအနေဖြင့် ဗုဒ္ဓဘာသာယုံကြည်မှုနှင့် ဓလေ့ထုံးစံများကို သိရှိလိုက်နာရန် လိုအပ်ပါ၍ ယင်းသို့သန့်စင်မွန်မြတ်သော ဘုရားကျောင်းကန်စေတီပုတီးတို့ကိုရောက်ရှိသည့်အခါ ဖိနပ်ချွတ်ရန်ဖြစ်ပြီး ခြေအိတ်ကိုပင် ချွတ်ရန် လိုအပ်ပါသည်။ ဖိနပ်စီးနင်းခြင်းကို ကန့်သတ်တားမြစ်ထားပါသည်။ အဝတ်အစားမှာလည်း ဗုဒ္ဓဘာသာဝင်များ လက်ခံနိုင်သော အဝတ်အစားမျိုးဖြစ်ရန်လိုအပ်ပါသည်။ ဘောင်းဘီတို၊ စကတ်တိုများ ဝတ်ဆင်၍မရပါ။ ကန့်သတ်တားမြစ်ထားပါသည်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့မှာလည်း အများနှင့်လိုက်လျောညီထွေဖြစ်ရန်လိုပါသည်။

**မြန်မာနိုင်ငံတော်၏ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅ တွင် ''လူတစ်စားကိုးကွယ်သည့် ဘာသာသာသနာကို စော်ကားရန် အကြံဖြင့်ဖြစ်စေ၊ ကိုးကွယ်ဝတ်ပြုသောနေရာကိုသော်လည်းကောင်း၊ အထွတ်အမြတ်ထားသော အရာဝတ္ထုကိုသော်လည်းကောင်း၊ ဖျက်ဆီးခြင်းသည်၊ သို့တည်းမဟုတ် ပျက်စီးနစ်နာစေခြင်းသည် သို့တည်းမဟုတ်၊ ယုတ်ညံ့စေခြင်းသည် ထိုဘာသာ သာသနာကို စော်ကားသည်ဟု လူတစ်စားက ယူဆတန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ မည်သူမဆို ထိုလူတစ်စားက ဘာသာသာသနာရေးဆိုင်ရာ ကိုးကွယ်ဝတ်ပြုသောနေရာကိုသော်လည်းကောင်း၊ အထွတ်အမြတ်ထားသော အရာဝတ္ထုကိုသော်လည်းကောင်း၊ ဖျက်ဆီးလျှင် သို့တည်းမဟုတ် ပျက်စီးနစ်နာစေလျှင် သို့တည်းမဟုတ် ယုတ်ညံ့စေလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်'' ဟု ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံတော်၏ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၅ (က)တွင် ''ပြည်ထောင်စုနိုင်ငံတော်တွင် နေထိုင်သောလူတစ်စား၏ ဘာသာရေးစိတ်ကိုနာကြည်းစေရန် တမင်မသမာသောအကြံဖြင့် မည်သူမဆို စကားဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ ထိုလူတစ်စားကိုးကွယ်သည့် ဘာသာသာသနာကိုသော်လည်းကောင်း၊ ဘာသာ သာသနာရေးယုံကြည်မှုကိုသော်လည်းကောင်း၊ စော်ကားလျှင်၊ သို့တည်းမဟုတ် စော်ကားရန် အားထုတ်လျှင် ထိုသူကို နှစ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်'' ဟု ပြဋ္ဌာန်းထားပါသည်။**

မြန်မာ့ယဉ်ကျေးမှုအရ တစ်စုံတစ်ရာကို ခြေထောက်၊ ခြေချောင်းတို့ဖြင့် ညွှန်ပြခြင်းသည် ရိုင်းစိုင်းသော အပြုအမူဖြစ်ပါသည်။ ခင်မင်မှုကိုပြသခြင်းဖြစ်သည်ဟုဆိုပြီး မြန်မာအမျိုးသမီးတစ်ဦးအား ရင်ချင်းအပ်လျက်ဖက်၍ နှုတ်ဆက်ခြင်းမျိုးလည်း မပြုလုပ်ရပါ။ အထူးသဖြင့် လူကြီးများ၏ ဦးခေါင်းကိုကိုင်တွယ်ခြင်း၊ ပွတ်သပ်ခြင်းမျိုးလည်း မပြုလုပ်အပ်ပါ။ ကျွန်ုပ်တို့သည် အသက်အရွယ်အရသော်လည်းကောင်း၊အဆင့်အတန်းအရသော်လည်းကောင်း ကြီးမြင့်သူများကို ရိုသေလေးစားကြသူများ ဖြစ်ကြပါသည်။ ခင်မင်ရင်းနှီးမှုကို အကြောင်းပြု၍ လူကြီးများ၏ ပခုံးကိုလည်း မပုတ်ရပါ။ ထိုသို့ ပြုမူခြင်းသည် မရိုသေရာ ရောက်ပါသည်။

ကျွန်ုပ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အလံ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အထိမ်းအမှတ်တံဆိပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အမျိုးသားသီချင်းကို လေးစားကြသူများဖြစ်ကြပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အလံကို ရိုက်နှိပ်ထားသည့်ဘောင်းဘီတိုများကို မဝတ်ဆင်ရပါ။ ကိုယ်ခန္ဓာ၏အောက်ပိုင်းကို ယုတ်ညံ့သော အစိတ်အပိုင်းဟု ခံယူထားကြပါသည်။ ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အလံကို ပုံရိုက်နှိပ်ထားသော ဖိနပ်များကိုလည်း မစီးနင်းရပါ။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံတော်တံဆိပ်သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အလံတို့ကို အာဏာပိုင်၏ ခွင့်ပြုမိန့်တစ်စုံတစ်ရာမရှိဘဲ ရိုက်နှိပ်သုံးစွဲခွင့်မရှိပါ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားသီချင်းကို ဂုဏ်သရေညှိုးနွမ်းစေရန် မည်သည့်နည်းနှင့်မျှ မဆောင်ရွက်ရပါ။ နိုင်ငံတော်အလံဥပဒေ၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေနှင့် နိုင်ငံတော်သီချင်းဥပဒေတို့ကို လိုက်နာကြရမည်ဖြစ်ပေသည်။**

အများပြည်သူသွားလာရာအရပ်ဖြစ်သော ကလေးကစားကွင်းများ၊ အားကစားရုံများ၊ စာသင်ခန်းများ၊ ဈေးဝယ်စင်တာများ၊ ခတ်လှေကားများ၊ စားသောက်ဆိုင်များ၊ ရုပ်ရှင်ရုံများ အစရှိသည့် နေရာများတွင် ဆေးလိပ်မသောက်ရပါ။ ယင်းသို့ကျူးလွန်လျှင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေအရ အရေးယူနိုင်ပါသည်။

မည်သည့် ရှေးဟောင်းပစ္စည်းကိုမဆို ဥပမာ-ဗုဒ္ဓရုပ်ပွားတော်၊ ရှေးဟောင်းပန်းပုများ သို့မဟုတ် ရှေးဟောင်းဒင်္ဂါးများကို သက်ဆိုင်ရာ အာဏာပိုင်၏စာဖြင့် ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့ ထုတ်ယူခြင်းမပြုရပါ။ ယင်းသို့ကျူးလွန်လျှင် ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေ ပုဒ်မ ၅ အရ အရေးယူနိုင်ပါသည်။

> ## ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံ၌မဆို အက်ဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းဥပဒေများရှိ၍ ယင်းနိုင်ငံသားများသာမက နိုင်ငံခြားသားများပင် လေးစားလိုက်နာကြရမည်ဖြစ်သည်

မည်သူမဆို ညစ်ညမ်းသောပြုလုပ်မှုကို အများပြည်သူသွားလာရာအရပ်၌ ပြုမူလျှင် မြန်မာနိုင်ငံတော် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄ အရ အရေးယူခံရပါမည်။ ဝတ်လစ်စလစ်ခတ်ပုံရိုက်လျှင်လည်း ယင်းဥပဒေပုဒ်မ ၂၉၃ အရ အရေးယူခံရပါမည်။ မြန်မာနိုင်ငံတွင် ဝတ်လစ်စလစ်နေဇာလုံသော အလေ့အထမရှိပါ။ ပင်လယ်ကမ်းခြေများတွင်ပင်လျှင် ပြုလုပ်ခွင့်မရှိပါ။ အရွယ်မရောက်သေးသူမိန်းကလေးနှင့် ကာမစပ်ယှက်လျှင် မြန်မာနိုင်ငံတော် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ ပြစ်မှုမြောက်ပါသည်။ အမျိုးသမီးတစ်ဦးကို တရားဝင်လက်ထပ်ပါမည်ဟု ကတိပေးပြီး ကာမရယူခဲ့ပြီးနောက်ပိုင်းတွင် လက်ထပ်ရန် ပျက်ကွက်လျှင် မြန်မာနိုင်ငံတော်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၇ အရ ပြစ်မှုမြောက်ပါသည်။

မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို လက်ဝယ်ထားခြင်း၊ သုံးစွဲခြင်း၊ ရောင်းချခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကြီးလေးသော ပြစ်မှုမျိုးဖြစ်ပါသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေတွင် သေဒဏ်အထိ ပြစ်ဒဏ်ပေးနိုင်သော ပြစ်မှုများပါဝင်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အခြားအရေးပါသောအမှုတစ်မျိုးမှာ လောင်းကစားခြင်းဖြစ်၍ အများပြည်သူသွားလာရာအရပ်၌ ကြက်တိုက်ရာတွင် ပါဝင်ပတ်သက်ခြင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ရဲတပ်ဖွဲ့က ဝင်ရောက်ဖမ်းဆီးနိုင်သောနေရာတွင် ဖဲကစားလျှင် လောင်းကစားဥပဒေအရအရေးယူနိုင်ပါသည်။ ကိုယ်ထိလက်ရောက်လောင်းကစားနေပါသည်ဟု သက်သေပြရန်မလိုဘဲ လောင်းကစားဥပဒေအရ လောင်းကစားဒိုင်အိမ်သို့ ရောက်ရှိနေခြင်းမှာ လောင်းကစားရန်သာဖြစ်သည်ဟု တရားရုံးက မှတ်ယူနိုင်ပါသည်။ အထူးသက်သေခံချက်အရ တရားခံသည် အပြစ်မရှိကြောင်း သက်သေပြရန်တာဝန်သည် တရားခံအပေါ်၌ သာကျရောက်ပါသည်။ တစ်ခါဖမ်းမိလျှင် လွတ်ရန်ခက်ခဲလှသည်။**

ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံ၌မဆို အက်ဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းဥပဒေများရှိ၍ ယင်းနိုင်ငံသားများသာမက နိုင်ငံခြားသားများပင် လေးစားလိုက်နာကြရမည်ဖြစ်သည်။ နိုင်ငံသားများပင်လျှင် ဥပဒေ၏ ခက်ခဲနက်နဲမှုကို နားမလည်နိုင်ကြလျှင် နိုင်ငံခြားသားများအဖို့ ယင်းနိုင်ငံ၏ ဥပဒေများကို အဘယ်သို့ နားလည်နိုင်ပါအံ့နည်း။ မည်သို့ပင်ဆိုစေ မည်သူမဆို ယင်းနိုင်ငံ၏ဥပဒေကို သိနားလည်ကြသည်ဟု မှတ်ယူခြင်းမှာ ဥပဒေ၏အထူးယူဆချက် ဥပဒေသတစ်ရပ်ဖြစ်ပေသည်။ ဥပဒေကို မသိနားမလည်၍ ကျူးလွန်မိပါသည်ဟုဆို၍ ခွင့်လွှတ်၍ မရစကောင်းပါ။ ။

***(၃-၁-၂၀၁၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် ဖော်ပြခဲ့သည့် Ignorance of Law is no Excuse ဆောင်းပါးကို သတင်းစာနှင့် စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။)***

# ပုဂ္ဂလိက(၁/၂)ထပ်ခရီးသည်တင်ရေယာဉ်အသင်း ဗောတံတားလုပ်ငန်းအဖွဲ့ မြစ်ဝကျွန်းပေါ်ဒေသသွား ရန်ကုန်ဆိပ်ကမ်းတံတားကြေးများ စတင်ကောက်



**ရန်ကုန် ဇန်နဝါရီ ၇**

မြစ်ဝကျွန်းပေါ်ဒေသသွား ပုဂ္ဂလိက(၁/၂)ထပ်ခရီးသည်တင်ရေယာဉ်များ ဆိုက်ကပ်သည့် ရန်ကုန်ဆိပ်ကမ်းရှိ လှည်းတန်း၊ ရွှေတောင်တန်း၊ လမ်းမတော်၊ စဉ့်အိုးတန်းဗောတံတား ခုနစ်စင်းတို့ကို သက်ဆိုင်ရာမှ ပုဂ္ဂလိက(၁/၂) ထပ်ခရီးသည်တင်ရေယာဉ်များ ဗောတံတားလုပ်ငန်းအဖွဲ့ငှားရမ်းလုပ်ကိုင်မှုကို ဇန်နဝါရီ ၁ ရက်မှ စတင်လုပ်ကိုင်လာရာ ယင်းဆိပ်ကမ်းများတွင် တံတားကြေးများကို အတင်အချပြုလုပ်သော ကုန်ပစ္စည်းအတွက် ကုန်ပစ္စည်းပိုင်ရှင်ထံမှ ကောက်ခံရမည် ဖြစ်ပါသည်ဟု အဆိုပါတံတားခုနစ်စင်းတွင် ကြေညာထားကြောင်း ပုဂ္ဂလိက(၁/၂)ထပ်ရေယာဉ်အသင်း ကိုယ်စားလှယ် ဦးမြင့်စိုးက ပြောကြားသည်။

ဆိပ်ကမ်းများတွင် အဓိကကုန်ပစ္စည်းဖြစ်သော ဆန်အိတ်များအတွက် တစ်အိတ်လျှင် ၁၀ ကျပ်နှုန်း တံတားအသုံးပြုခ ကောက်ခံရန် သဘောတူခွင့်ပြုကြောင်း သက်ဆိုင်ရာမှ ဇန်နဝါရီ ၆ ရက်နေ့စွဲဖြင့်ပေးပို့သော စာရရှိပြီးဖြစ်ရာ ဇန်နဝါရီ ၇ ရက်တွင် ယင်းနှုန်းထားအတိုင်း ကောက်ခံနေကြောင်း၊ မီးဖိုချောင်သုံးကုန်စည်များကိုမူ ပစ္စည်းအရွယ်အစားအလိုက်အကြီးတစ်အိတ်လျှင် ၁၅ ကျပ်၊ အသေးတစ်အိတ်လျှင် ၁၀ ကျပ်နှုန်း ကောက်ခံမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

တံတားအသုံးပြုခများကို ကုန်ပစ္စည်းအမျိုးအစားအလိုက် အများသိသာရန် တံတားထိပ်များတွင် ကြေညာပေးထားပြီး တရားဝင်ပြေစာများဖြတ်၍ကောက်ခံမှုသာ ကုန်ပစ္စည်းလာရောက်အတင်အချပြုလုပ်သူများအတွက် အဆင်ပြေနိုင်ကြောင်း ခရီးသည်များနှင့် တစ်ပါတည်းပါလာသော တစ်နိုင်တစ်ပိုင်ကုန်ပစ္စည်းအနည်းငယ်ပေါ် ဖြေလျှော့မှုပေးသင့်ကြောင်း၊ ဆိပ်ကမ်းသို့ကုန်ချနေသည့် လသာမြို့နယ်မှ ကုန်သည်တစ်ဦးနှင့် မော်ကျွန်းဒေသခံခရီးသည်များက ဆိုသည်။

သင်္ဘောအရွယ်အစားအလိုက် တံတားကပ်ခတစ်ရက်လျှင် ၈၀၀၀ ကျပ်မှ ၁၅၀၀၀ နှုန်းအတွင်း ပြောင်းလဲ ကောက်ခံနေကြောင်း အဆိုပါ ရေယာဉ်အသင်း ကိုယ်စားလှယ် ဦးမြင့်စိုးက ပြောကြားသည်။ ရန်ကုန်-မော်ကျွန်း ခရီးစဉ်တွင် ပြေးဆွဲနေသော နှစ်ထပ်ရေယာဉ်တစ်စင်းမှ ရေယာဉ်အုပ်ဖြစ်သူက ယခင်က မိမိတို့ရေယာဉ်သည်တစ်ရက်လျှင် တံတားကပ်ခငွေကျပ် ၅၀၀၀ ပေးဆောင်ရာမှ ယခုအခါ ငွေကျပ် ၁၀၀၀၀ ပေးဆောင်ရသည်ဟု ဆိုသည်။

အဆိုပါတံတား ခုနစ်စင်းအနက် အများစုတွင် အနည်းဆုံးတစ်ရက်လျှင် သင်္ဘောသုံးစင်းဆိုက်ကပ်ပြီး တစ်ရက်လျှင် နေ့စဉ်ဆန်အိတ်ရေ ပျမ်းမျှ ၄၀၀၀ ရေတင်လုပ်ငန်းရှိပြီး ရေချလုပ်ငန်းအဖြစ် မီးဖိုချောင်သုံးပစ္စည်းအိတ်ရေ အမယ်ရေ ၂၀၀၀ ဝန်းကျင်ရှိကြောင်း၊ လယ်ယာသုံးမြေဆီအသုံးပြုချိန်တွင်ရေချပစ္စည်းအိတ်ရေ ၄၀၀၀ ဝန်းကျင်ထိရှိသည်ဟု ရန်ကုန်မော်ကျွန်းသွား နှစ်ထပ်ရေယာဉ် ပိုင်ရှင်တစ်ဦးက ဆိုသည်။ **ခင်ဆိုင်**

# ပြည်တွင်းသတင်း

## တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဆေးရုံများ၌ သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် ကျွမ်းကျင်ဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးလျက်ရှိ




**ရန်ကုန် ဇန်နဝါရီ ၇**

(၃၅) ကြိမ်မြောက် မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်ညီလာခံ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်းနှင့် အပြည်ပြည်ဆိုင်ရာသွားဘက်ဆိုင်ရာအဖွဲ့အစည်းများ၏ (၁၆) ကြိမ်မြောက် ပူးတွဲအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားက ဇာတ်ရုံ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင် တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ တိုးတက် ဆောင်ရွက်လာသည်နှင့်အမျှ ယခု အချိန်တွင် သွားဘက်ဆိုင်ရာ ဆေးဘက်တွေ့ အထူးပြုဘာသာရပ် အလိုက် ပါရဂူဘွဲ့သင်တန်းများ၊ သွားဘက်ဆိုင်ရာ ဆေးပညာမဟာဘွဲ့သင်တန်းများ၊ ဘွဲ့လွန်ဒီပလိုမာ သင်တန်းများ၊ သွားဘက်ဆိုင်ရာ သူနာပြုဒီပလိုမာနှင့် သွားတုကျွမ်းကျင် သင်တန်းများကို ပြည့်ပြည့်စုံစုံ ဖွင့်လှစ်ပို့ချနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော ကျန်းမာရေးကဏ္ဍ သိသိသာသာပြောင်းလဲတိုးတက်လာပြီး မိမိတို့၏ လူမျိုးများကို ကျန်းမာသန်စွမ်းသော လူမျိုးများဖြစ်လာစေရေးအတွက် ကျန်းမာရေးအဆင့်အတန်းမြင့်တက်လာအောင် ကျန်းမာရေးပညာရှင်များ အားလုံးက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာရှင်များအနေနှင့်လည်း ဗဟိုအသင်းကြီး၏ လမ်းညွှန်မှုနှင့်အညီ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များမရှိသေးသောဒေသများအထိ ကွင်းဆင်း၍ ပြည်သူလူထု၏ သွားနှင့်ခံတွင်းကျန်းမာရေးကို စောင့်ရှောက်မှုပေးခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည့်အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအဆင့်မီ ပစ္စည်းကိရိယာများ၊ အထောက်အကူပစ္စည်းများပြည့်စုံသည့် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဌာနများ၊ မျက်နှာနှင့်မေးရိုးဆိုင်ရာ အထူးကုဌာနများကို ဗဟိုအဆင့်ဆေးရုံကြီးများ၊ သင်ကြားရေးတက္ကသိုလ်များတွင် ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံများတွင်လည်း ခေတ်မီသွားနှင့်ခံတွင်းဆိုင်ရာပစ္စည်း ကိရိယာများ တပ်ဆင်ပေး၍ သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် ကျွမ်းကျင်ဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးလျက်ရှိပါကြောင်း၊ လိုအပ်သည်များကိုလည်း ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဟု အသိပေးလိုကြောင်း ပြောကြားသည်။

ညီလာခံအထိမ်းအမှတ် ဆေးနှင့်ဆေးပစ္စည်းပြခန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ညီလာခံနှင့် အစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ သဘောထားကြေညာချက်

**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏**

**သဘောထားကြေညာချက် ၁/၂၀၁၅**

**၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်၊ ဗုဒ္ဓဟူးနေ့**

၁။ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သည် သတင်းမီဒီယာများနှင့် သတင်းမီဒီယာသမားများ၏ လွတ်လပ်ခွင့်ကို မြှင့်တင်ရေးဆောင်ရွက်လျက်ရှိရာ မီဒီယာများတွင် ထုတ်လွှင့်ရေးသားဖော်ပြချက်များကြောင့် နိုင်ငံသားတို့၏ အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေရန်နှင့် သတင်းမီဒီယာများအား ဥပဒေအရ အရေးယူအပြစ်ပေးသည့်ကိစ္စများ လျော့နည်းစေရန် အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းရေး ကော်မတီက ကြားဝင်ဖျန်ဖြေမှုများ ဆောင်ရွက်လျက် ရှိပါသည်။

၂။ မြန်မာနိုင်ငံသားများအနေဖြင့် သတင်းမီဒီယာများနှင့် သတင်းမီဒီယာသမားများ၏ ရေးသားထုတ်လွှင့်မှုတစ်ခုခုကြောင့် နစ်နာဆုံးရှုံးမှုဖြစ်သည်ဟု ယူဆလျှင် တရားရုံးတွင် တရားစွဲဆိုခြင်း မပြုသေးဘဲ အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းရေးကော်မတီကို တိုင်ကြားခြင်းဖြင့် နိုင်ငံသားတို့၏ Right of Reply ကို ကျင့်သုံးစေလိုသောကြောင့် သတင်းစာ၊ ဂျာနယ်များတွင် ပြည်သူများသိစေရန် အသိပေးကြေညာခဲ့ပါသည်။

၃။ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)သည် အဖွဲ့ဝင်များကိုယ်တိုင် ထည့်ဝင်ငွေများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နှောင်ကြိုးမဲ့ကူညီငွေများဖြင့် လုပ်ငန်းဆောင်တာများ ဆောင်ရွက်နေခြင်းဖြစ်ပြီး ကောင်စီ၏ အစည်းအဝေးဆုံးဖြတ်ချက်များ၊ ဘဏ္ဍာရေးကော်မတီ၏ ကြီးကြပ်မှုများဖြင့် စနစ်တကျစီမံဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သည် သတင်းမီဒီယာများနှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)**

◆ *ကျောဖုံးမှ*

မြို့တော်ဝန် ဦးအောင်မောင်းကပြောသည်။တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် Town Plan စီမံချက်အရ နိုင်ငံတကာအဆင့်မီ ကျောက်စိမ်းစေတီတော်နှင့် ကျောက်စိမ်းဈေးကွက်ကြီးဖြစ်လာအောင် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်လုပ်ဆောင်စရာများကိုလည်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းမြို့တော်ဝန်က ပြောကြားသည်။

မန္တလေးမြို့ မဟာအောင်မြေ ကျောက်မျက်ရတနာဈေး(ကျောက်ဝိုင်း)မှကျောက်ဝိုင်းမရွှေ့ပြောင်းရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ဒုတိယအကြိမ်ဆန္ဒပြရန် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၇ ရက် နံနက် ၁၀ နာရီက အော်ရီယမ်တယ်ဟောက်စ်၌ ကျင်းပရာ မြို့တော်ဝန်၏ ကြေညာချက်အရ ဆန္ဒပြရန်အစီအစဉ်ကို ဖျက်သိမ်းလိုက်ကြောင်းသိရသည်။

"လက်ရှိနေရာမှာ ဆက်ရောင်းခွင့်ပြုမယ်လို့ ဒီနေ့မနက်က စည်ပင်လူမှုကွန်ရက်စာမျက်နှာမှာ ဖော်ပြထားတယ်။ အဲဒီမင်္ဂလာသတင်းကြားတဲ့အတွက် ပထမဆုံးဖြတ်ချက်က ဒုတိယဖြစ်သွားပြီ။ ပထမဆုံးဖြတ်ချက်ဆိုတာက ရွှေ့ပြောင်းမယ်ဆိုရင် ဘာတွေလုပ်မလဲပေါ့။ အဆင့်မြှင့်ဖို့ ဘယ်သူလုပ်လုပ် ကျွန်တော်တို့က ထောက်ခံတယ်" ဟု ကျောက်ဝိုင်းမပြောင်းရွှေ့ရေး၊ ယာယီကော်မတီ အတွင်းရေးမှူးဦးကျော်ဇောအောင်ကပြောသည်။

ကျောက်ဝိုင်းနှင့် ပတ်သက်၍ အဖွဲ့အစည်းခိုင်ခိုင်မာမာမရှိသေးသဖြင့် နိုင်ငံတော်အားထောက်ပံ့နိုင်သည့် ခိုင်မာသောလူမှုရေးအဖွဲ့ ဖြစ်အောင်လုပ်ဆောင်သွားမည်ဖြစ်၍ နိုင်ငံရေးအဖွဲ့အစည်း မဟုတ်သည်ကို သိစေလိုကြောင်း၊ သို့သော်လည်း ကျောက်မျက်လုပ်ငန်းလုပ်ကိုင်သူများတွင် ဘာသာပေါင်းစုံ၊ နိုင်ငံရေးပါတီဝင်ပေါင်းစုံပါဝင်ပြီး အဓိကဦးတည်ချက်မှာကျောက်ဝိုင်းမပြောင်းရွှေ့ရေးသာ ဖြစ်ကြောင်း ယာယီကော်မတီ အတွင်းရေးမှူးက ဆက်လက်ပြောကြားသည်။

မန္တလေးမြို့ မဟာအောင်မြေ ကျောက်မျက်ရောင်းဝယ်ရေးစခန်း (ကျောက်ဝိုင်း)တွင် မှီခိုလုပ်ကိုင်နေသူများကကျောက်ဝိုင်းပြောင်းရွှေ့ရမည်ဆိုသောကြောင့်ခွင့်ပြုချက်ဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်နံနက် ၉ နာရီက အင်အားလေးသောင်းဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်းသိရသည်။

## မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။ **(မိုး/ဇလ)**

## သေနတ်ကိုင်လူသတ်၊ မူးယစ်ဆေးဝါးရောင်းဝယ်နေသည့် လက်နက်ကိုင်တစ်စု ဘားအံမြို့နယ်တွင်ဖမ်းဆီးရမိ

**ဘားအံ ဇန်နဝါရီ ၇**

ဘားအံမြို့နယ်တွင် ကျေးရွာများသို့ ဟင်းသီးဟင်းရွက်များ ဆိုင်ကယ်ဖြင့် လှည့်လည်ရောင်းချနေသူ နှစ်ဦးကို လက်နက်ကိုင် ၁၀ ဦးခန့်က ရဲတပ်ဖွဲ့သို့ သတင်းပေးပို့ နေသူများဟုစွပ်စွဲကာ လက်ထိတ်ခတ်၍ သေနတ်ဖြင့် ပစ်သတ်ခဲ့မှုအား စုံစမ်းဖော်ထုတ်ရာမှ လက်နက်သုံးလက်၊ လက်ပစ်ဗုံးတစ်လုံး၊ ခဲယမ်းများနှင့်အတူ မူးယစ်ဆေးပြား ၆၀၀၀ ကျော်ကို ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီခန့်တွင် အိန္ဒူရဲစခန်းအပိုင် ရွှေပြည်ထောင် ကျေးရွာ၊ ကော့စိန်ဘန်အောက်အထက်အုပ်စုတွင် ဖမ်းဆီးရမိခဲ့ကြောင်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အမှုဖြစ်ပွားပုံမှာ ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီခန့်က ဇော်ဝမ်းနှင့် ဦးညွန့်တင်(ခ) ဖိုးခွားတို့သည် ဆိုင်ကယ်တစ်စီးဖြင့် ကျေးရွာများသို့ ဟင်းသီးဟင်းရွက်များရောင်းပြီးအပြန် ငါးဝယ်ရန်အတွက် ကော့မလောက် ကျေးရွာသို့ သွားရောက်ခဲ့ရာ အဆိုပါရွာအနီးအရောက်တွင် ကော့မူးတာကျေးရွာမှ ဦးအရှောင်၏သား မိန်လှ(ခ) ကျော်မိန်လှ(ခ)အရှောင်(ခ) ကျော်ခွကုလား အပါအဝင် လက်နက်ကိုင်လူငယ် ၁၀ ဦးခန့်က ဆိုင်ကယ်ကို ရပ်တန့်စေခဲ့ကြောင်း၊ မိန်လှက ၎င်း၏အဘိုး ဦးငါးပူတင်း (မူးယစ်ဆေးဝါးမှု)ဖြင့် ဖမ်းဆီးခံရသည်မှာ ၎င်းတို့နှစ်ဦးက ရဲကိုသတင်းပေးခြင်းကြောင့်ဟုဆိုပြီး နှစ်ဦးစလုံးကို လက်ထိတ်ခတ်ကာ ခြံတစ်ခြံသို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ ည ၁၀ နာရီခန့်တွင် မိန်လှအပါအဝင် သုံးဦးခန့်က အဖြူရောင်ယာဉ်တစ်စီးဖြင့် ၎င်းတို့နှစ်ဦးကို တင်ဆောင်ပြီး ဘားအံမြို့နယ် ရွှေပြည်ထောင်ကျေးရွာဘက်သို့ ခေါ်ဆောင်သွားကြောင်း၊ အခင်းဖြစ်နေရာသို့ အရောက်တွင် လမ်းဘေးရေမြောင်းအတွင်းသို့ဆွဲခေါ်ပြီး မိန်လှက ၎င်းတို့ နှစ်ဦးကို သေနတ်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်ကြောင်း၊ မိမိမှာ သေနတ်ဒဏ်ရာလေးချက်အပစ်ခံရပြီး သေနတ်ဒင်များဖြင့် ရိုက်နှက်ခံရသဖြင့် သေချင်ယောင်ဆောင်နေသောကြောင့် အသက်ဘေးမှလွတ်မြောက်ခဲ့ပြီး ဇော်ဝမ်းမှာ သေဆုံးခဲ့ကြောင်း ဦးညွန့်တင်(ခ) ဖိုးခွားက ပြောပြသည်။

ဘားအံမြို့နယ် ကော့ကဒါကျေးရွာအုပ်စု ကော့စလိုကျေးရွာနှင့် ကော့စိန်ပူးကျေးရွာအနီး လမ်းဘေးရေမြောင်းအတွင်း၌ လူနှစ်ဦး လက်ထိတ်ခတ်လျက် သေနတ်ဒဏ်ရာများဖြင့် တစ်ဦးမှာသေဆုံးနေပြီး ကျန်တစ်ဦးမှာ အသက်ရှင်နေသေးကြောင်း၊ ကော့ကဒါကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုံးမောင်၏ သတင်းပေးချက်အရ ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်အေးနှင့် အိန္ဒူနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ အခင်းဖြစ်နေရာသို့သွားရောက်ခဲ့ရာ ဇော်ဝမ်း (၃၆နှစ်) ဈေးရောင်း၊ အမှတ် (၄) ရပ်ကွက် ထုံးအိုင်ကျေးရွာနေသူမှာ သေနတ်ဒဏ်ရာများဖြင့်သေဆုံးနေသည်ကို တွေ့ရှိရပြီး ဦးညွန့်တင်(ခ) ဖိုးခွား (၅၅နှစ်) အမှတ် (၃) ရပ်ကွက် ထုံးအိုင်ကျေးရွာနေသူအား သေနတ်ဒဏ်ရာများနှင့်အတူ လက်ထိတ်ခတ်လျက်တွေ့ရှိရကြောင်း၊ ပတ်ဝန်းကျင်နေရာများသို့ ဆက်လက်ရှာဖွေရာ ၅. ၅၆ ကျည်ခွံငါးခု၊ ကျည်ထိပ်ဖူးတစ်ခု၊ ကိုးလုံးကျည်ခွံတစ်ခု၊ ကျည်ထိပ်ဖူးနှစ်ခုတို့ကို သက်သေများရှေ့မှောက်တွင် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ ပြစ်မှုကျူးလွန်သူများတွင် လက်နက်ခဲယမ်းများ ပါဝင်နေကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြည်နယ်ရဲတပ်ဖွဲ့မှူးထံ တင်ပြမှုကြောင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်က နယ်မြေခံတပ်နှင့် ညှိနှိုင်းပြီး ဇန်နဝါရီ ၄ ရက် ညနေ ၅ နာရီခွဲတွင် ပူးပေါင်းအဖွဲ့တို့သည် ရွှေပြည်ထောင်ကျေးရွာ ကော့စိန်ဘန်အထက်ကျေးရွာအုပ်စု မိန်လှ(ခ) ကျော်မိန်လှ(ခ) အရှောင် (ခ) ကျော်ခွကုလား၏နေအိမ်ကို ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာ မိန်လှ၏ဇနီးဖြစ်သူ ပေးပေး(ခ) သန်းဝင်းမြိုင်နှင့် ၎င်းတို့နေအိမ်တွင် ရောက်ရှိနေသော အောင်ချမ်းသာ(ခ) ဖိုးခွား(၂၂နှစ်)ကို နေအိမ်အဝတွင် တွေ့ရှိရပြီး မိန်လှမှာ နေအိမ်တံခါးများကို အတွင်းမှချက်ချပြီး သေနတ်ကိုင်ထားကြောင်း သိရသဖြင့် နယ်မြေခံတပ်မှ တပ်ကြပ်ကြီး တစ်ဦးက အိမ်အတွင်းသို့ တိုးဝင်ကာ မိန်လှအား အတင်းဝင်ရောက် ဖမ်းဆီးခဲ့ရကြောင်းသိရသည်။

၎င်းတို့နှင့်အတူ တူမီးယမ်းထောင်းသေနတ်တစ်လက်၊ ၁၂ ဗို့ ပြောင်းချောသေနတ်တစ်လက်၊ ယင်းကျည်နှစ်တောင့်၊ WL ကော်ရိုးတပ် နီကယ် ၃၈ ဗို့ ခြောက်လုံးပြူးတစ်လက်၊ ယင်းကျည်ငါးတောင့်၊ တရုတ်နိုင်ငံလုပ် 91 လက်ပစ်ဗုံးတစ်လုံး၊ ဖြူးစ်အပိုတစ်ခု၊ စနိုက်ပါအရှည် ခြောက်လက်မခွဲခန့် အနက်ရောင်မှန်ဘီလူးတစ်ခု၊ မူးယစ်ဆေးဝါးရှူရာတွင် အသုံးပြုသော ရေသန့်ဘူးတစ်ဘူး၊ စစ်စိမ်းရောင်ပြောက်ကျားယူနီဖောင်းလက်ရှည်တစ်စုံ၊ ဗီရိုနှင့် ပါဂျဲရိုးအမျိုးအစားမော်တော်ယာဉ်နှစ်စီး၊ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၁၈၉ ပြား၊ မြန်မာငွေစက္ကူရောရာ ၁၃၄၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် နောက်ဆက်တွဲ ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

**ဘုန်းရဲထက်**

✾ *ရှေ့ဖုံးမှ*

ဆိပ်ကမ်းရုံးခန်းမ၌ ကျင်းပသည့် အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြောကြားသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့ အဆင့်မြှင့်တင်ရေး လုပ်ငန်းများတွင် ပုဂ္ဂလိကနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ကြားကာ ပဏာမအကြိုအရည်အချင်းစစ်ခြင်းများကို ၂၀၁၂ အောက်တိုဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့သည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် ပဏာမအရည်အချင်းစစ်ဆေး အောင်မြင်သော လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ကို ထုတ်ပြန်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဧပြီလအတွင်း အဆိုပါအဖွဲ့များအနက် ခုနစ်ဖွဲ့က အဆိုပြုလွှာများ တင်သွင်းခဲ့သည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် တင်ဒါအောင်မြင်သော အဖွဲ့အစည်းအဖြစ် Pioneer Aerodrome Services Consortium အဖွဲ့နှင့် အရန်အဖွဲ့အစည်းအဖြစ် Yongnam-CAPE-JGC Consortium တို့ကို ရွေးချယ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စီမံကိန်း သဘောတူစာချုပ်ချုပ်ဆိုနိုင်ရန် တင်ဒါအောင်မြင်သည့် Pioneer Aerodrome Services နှင့် ၁၉ ကြိမ်ခန့် ညှိနှိုင်းဆွေးနွေးခဲ့ပြီးနောက် Concession Agreement မူကြမ်းကိုအပြီးသတ်နိုင်ခဲ့သည်။ ထိုစာချုပ်မူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်ရယူခဲ့ပြီး Concession Agreement လက်မှတ် ရေးထိုးခွင့်ပြုပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီသို့ တင်ပြကာ ခွင့်ပြုချက်များရယူခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

အဓိကအားဖြင့် လေကြောင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ခေတ်မီလေဆိပ်များ တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ရန်နှင့် လေဆိပ်ဝန်ဆောင်မှုများကို နိုင်ငံတကာအဆင့်မီစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းက ပြောကြားသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို တစ်နှစ်လျှင် ခရီးသည်သန်း ၂၀အထိ ဝင်ရောက်နိုင်ရန် အဆောက်အအုံများ ဖြည့်တင်းနိုင်သော်လည်း လက်ရှိတွင် တစ်နှစ်လျှင် ခရီးသည် ခြောက်သန်းအထိ အသုံးပြုနိုင်ရန် တိုးချဲ့တည်ဆောက်သွားမည်ဖြစ်သည်။ လက်ရှိတွင် ပြည်တွင်းခရီးသည်ဆိုက်ရောက်ထွက်ခွာဆောင်အသစ် တည်ဆောက်ခြင်းလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီ ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

**(မြန်မာ့အလင်း)**

## ပြည်တွင်းသတင်းနှင့် နိုင်ငံတကာအားကစား

### ကိုပါဒယ်လ်ရေးဖလားနှင့် ဂိုးရလဒ်များ

(သီဟ)

**စပိန်ကိုပါဒယ်လ်ရေးဖလား** | **ဇန်နဝါရီ ၉**

| | | | |
|---|---|---|---|
| ဂရန်နာဒါ | - | ဆီဗီလာ | နံနက် ၁း၃၀ |
| ဘာစီလိုနာ | - | အယ်လ်ချီ | နံနက် ၃း၃၀ |

**ဇန်နဝါရီ ၆/၇ ဂိုးရလဒ်များ**

| | | |
|---|---|---|
| အူဒီးနိစ် | ၀-၁ | ရိုးမား |
| ချီယေဗို | ၀-၀ | တိုရီနို |
| အမ်ပိုလီ | ၀-၀ | ဗီရိုနာ |
| ဂျီနိုအာ | ၂-၂ | အတ္တလန္တာ |
| အေစီမီလန် | ၁-၂ | ဆက်ဆူအိုလို |
| ပါလာမို | ၅-၀ | ကက်ဂလီယာရီ |
| ပါးမား | ၁-၀ | ဖီအိုရင်တီးနား |
| ဆီစီနာ | ၁-၄ | နာပိုလီ |
| ဆယ်လ်တာဗီဂို | ၂-၄ | ဘီလ်ဘာအို |
| မာလာဂါ | ၂-၀ | လီဗန်တေး |

### ဂျူဗင်တပ်စ် အိမ်ကွင်းမှာ သရေရလဒ်ကြုံ

စီးရီးအေပွဲစဉ်(၁၇)ကို ဇန်နဝါရီ ၇ရက် နံနက်ပိုင်းက ဂျူဗင်တပ်စ်နှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ပွဲစပြီး ငါးမိနစ်တွင် တိုက်စစ်မှူးကားလို့စ်တီဗက်ဇ်က ဂျူဗင်တပ်စ် အတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ဂျူဗင်တပ်စ်သည် ပထမပိုင်းပြီးသည်အထိ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။ ဒုတိယပိုင်း ၆၄မိနစ်တွင် အိုင်ကာဒီက အင်တာအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ၈၆မိနစ်တွင် အင်တာကွင်းလယ်ကစားသမား ကိုဗက်ဆစ် တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရပြီးနောက်ပိုင်း သရေတစ်မှတ်ရရှိရန် အင်တာတို့ ထိန်းကစားခဲ့သည်။ ဂျူဗင်တပ်စ်အသင်းသည် အိမ်ကွင်းတွင် သရေတစ်မှတ်သာရရှိ၍ ရိုးမားအသင်းနှင့်တစ်မှတ်သာ ကွာတော့သည်။

### အဲဗာတန်နှင့် ဝက်စ်ဟမ်း အက်ဖ်အေပြန်ကန်မည်

အက်ဖ်အေဖလား တတိယဆင့်ပြိုင်ပွဲများကို ဇန်နဝါရီ ၆ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်နှင့် ဝက်စ်ဟမ်းတို့ တစ်ဖက် တစ်ဂိုးစီ သရေကျသွားသဖြင့် ပြန်ကန်ပွဲကစားရမည်ဖြစ်သည်။ လူကာကူ၏ ပွဲပြီးခါနီးချေပဂိုးကြောင့် အဲဗာတန်တို့ မျှော်လင့်ချက် ပြန်လည်ရှင်သန်လာခဲ့သည်။ ဘယ်ဂျီယံတိုက်စစ်မှူး လူကာကူက အိုဗီဒိုး၏ ဝဲတောင်ပံမှ ဖြတ်တင်ဘောကို မြေမကျကန်သွင်းလိုက်ရာမှ ချေပဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ဝက်စ်ဟမ်းအတွက် နောက်တန်းကစားသမား ဂျိမ်းကောလင်းက ခေါင်းတိုက်ဂိုးဖြင့် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။ ယင်းတို့နှစ်သင်းသည် လာမည့်အင်္ဂါနေ့တွင် အပ်တွန်ပတ်၌ ပြန်ကန်ပွဲကစားကြရမည်ဖြစ်သည်။ အနိုင်ရရှိသည့်အသင်းသည် စတုတ္ထဆင့်အဖြစ် ဘရစ္စတိုးစီးတီး သို့မဟုတ် ဒွန်ကက်စတာအသင်းနှင့်တွေ့မည်ဖြစ်သည်။

*စာမျက်နှာ ၁၀ မှ*

ဆောင်ရွက်ပေးသင့်ကြောင်း၊ ဂေါပကအဖွဲ့၏တာဝန်သာ ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများက ဌာနဆိုင်ရာ တဲချောင်း ၇၁ ခုကို ဌာနဆိုင်ရာများကို ပေးမည်ဖြစ်ကြောင်း၊ ကျန်ရှိ ပုဂ္ဂလိကတဲချောင်း ၄၀ ဝန်းကျင်ခန့် အခန်းပေါင်း ၄၅၉ ခန်းကို ပွင့်လင်းမြင်သာမှုရှိစေရန် အများပြည်သူများရှေ့တွင် မဲစနစ်နှင့် ပြုလုပ်သွားသင့်ကြောင်း၊ ဖြစ်နိုင်လျှင် ဘုရားအနီးဝန်းကျင်ရှိ မင်းဘူး-စကုမြို့နယ်နှင့် ငဖဲမြို့နယ်တို့ရှိ ပြည်သူများကို အဓိကဦးစားပေးပြီး လေလံချထားပေးသင့်ကြောင်း၊ ကားကြီးကွင်းရပ်နားစခန်းကောက်ခံရေးအတွက် မင်းဘူးခရိုင်ရဲတပ်ဖွဲ့နှင့် မင်းဘူးမထသတို့ကို ပေးရန် ရည်ရွယ်ထားကြောင်း၊ ကားကြီးတစ်စီး ငွေကျပ် ၂၀၀၀၊ ကားလတ်တစ်စီး ငွေကျပ် ၁၅၀၀၊ ကားသေးတစ်စီး ငွေကျပ် ၁၀၀၀ နှုန်းသတ်မှတ်ထားကြောင်း၊ ရေစီးဗောလုပ်ငန်းအတွက် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအတွက် ရည်ရွယ်ထားကြောင်း၊ ဆိုင်ကယ်စခန်းကို မင်းဘူးမြို့ လူမှုရေးလုပ်ဆောင်သည့် မင်းဘူးဖြူဟ္မစိုရ်နှင့် စကုမြတ်စေတနာ နာရေးကူညီမှုအသင်းတို့အား ပေးရန် ရည်ရွယ်ထားကြောင်း အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြသည်။



မန်းရွှေစက်တော်ဘုရားပွဲ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေးစဉ်။

လာမည့် ဇန်နဝါရီ ၁၃ ရက်တွင် တင်ဒါ ၄၉ မျိုးကို ပွင့်လင်းမြင်သာစွာဖြင့် အိတ်ပိတ်တင်ဒါဖွင့်မည်ဖြစ်ကြောင်း၊ ယခုနှစ် ထူးခြားချက်မှာ လှေတင်တံတားကိုလည်း အသွားတစ်လမ်း၊ အပြန်တစ်လမ်း နှစ်စင်း လုပ်ထားပြီးဖြစ်ကြောင်း၊ ဘုရားဖူးလမ်းများ ယမန်နှစ်ကထက် ကောင်းမွန်မှု ရှိနေကြောင်း ဂေါပကရုံးက ထပ်ဆင့်ပြောပြသည်။

အဆိုပါအခမ်းအနားသို့ ခရိုင် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ ဂေါပကအဖွဲ့ဝင်များ၊ မီဒီယာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

### စတီဗင်ဂျရတ် လီဗာပူး၌ဆက်ရှိနိုင်

လီဗာပူးအသင်းအနေဖြင့် ပြီးခဲ့သည့်နှစ် နွေရာသီစာချုပ် သက်တမ်းကုန်ဆုံးပြီး ကမ်းလှမ်းလာပါက လီဗာပူးမှ ထွက်ခွာဖွယ်မရှိနိုင်ကြောင်း စတီဗင်ဂျရတ်က ပြောကြားလိုက်သည်။

အသက် ၃၄ နှစ်ရှိ အသင်းခေါင်းဆောင် စတီဗင်ဂျရတ်အား နိုဝင်ဘာလက စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သည်။ ရာသီအကြို မိမိအားစာချုပ်ကမ်းလှမ်းလာလျှင် စာချုပ်သွားမည်ဖြစ်ကြောင်း ဂျရတ်ကပြောဆိုလိုက်သည်။ ဂျရတ်သည် ကိုးနှစ်သားကတည်းကလီဗာပူးဘောလုံး အကယ်ဒမီသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။ လီဗာပူးက ဂျရတ်အား လက်ရှိတစ်နှစ်စာချုပ်ဖြင့် ချုပ်ဆိုထားခြင်းဖြစ်သည်။

**ကောင်းမြတ်သူ-စုစည်းသည်**





SIM CARD
ဝယ်ယူမည့်ဈေးနှုန်းများ
49**-170000
73**-100000
86**-120000
ဖုန်း-၀၉-၇၃၀၂၆၀၀၀၊ ၀၉-၅၄၀၄၅၉၆

ပိုင်ရှင်မှ တိုက်ရိုက်ရောင်းမည်။
ကိုယ်ပိုင်နေရန်အထူးအဆင့်မြင့်သည့်အဆောက်အအုံတွင်းရှိ အခန်း
ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ တတိယထပ်၊ (15'x50')၊ အထူးအဆင့်မြင့်ပြင်ဆင်ပြီး အိမ်ရှေ့ဗာရန်ဆွဲတံခါးမကြီး၊ အဆင့်မြင့်ကနုတ်သံပန်းအလှများနှင့် ဆန်းရိုက်တစ်အိမ်လုံးပြည့်တပ်ဆင်၍ ပန်းကနုတ်ကျွန်းတံခါးများနှင့် PVC ပြတင်းပေါက်ကျယ်များ တစ်အိမ်လုံးပြည့်တပ်ဆင်ထားသည်။ (အိပ်ခန်း(၂)ခန်းပါ) A/C(1)လုံး၊ မျက်နှာကျက်ကောနစ်၊ မီးအလှနှင့် အဆင့်မြင့်မီးဆိုင်းများတပ်ဆင်ထားသည်။ အဆင့်မြင့်ပါကေးခင်းပြီး၊ ကြွေပြားများ တစ်အိမ်လုံးပြည့်ခင်းကပ်၍ မီးဖိုခန်းနှင့်ဗီဒိုများတပ်ဆင်ထားသည်။ ရေချိုးခန်း Pressur Pump၊ ရေပူ/ရေအေးတပ်ဆင်ပြီး ဘိုထိုင်၊ ရေမီးကိုယ်ပိုင် (အသင့်နေနိုင်) (ပွဲစား၊အကျိုးဆောင်၊ကြော်ငြာများမလိုပါ)
ကျပ်သိန်း→(510) Ph:09-5053076

အမည်ပြောင်း
ဦးညွန့်ဇော်ဦး၏သမီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်း ဒုတိယတန်း(က)မှ မမေမြတ်နိုးဦးအား မခိုင်သံစဉ်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။
မခိုင်သံစဉ်ဇော်

အထူးဝမ်းမြောက်ကြောင်းဆုမွန်လွှာ

ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရခိုင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ဗိုလ်မှူးကြီး မင်းချစ်ဦး(ငြိမ်း)၏ ဇနီး၊ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ မိခင်နှင့်ကလေးဥက္ကဋ္ဌ **ဒေါ်ညိုညိုဝေလွင်**သည် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ တွင် နိုင်ငံတော်မှ ချီးမြှင့်သော **သုဓမ္မသီဂီဘွဲ့** အား ရရှိသည့် အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ကိုအောင် + မအေး
Amazing Hotels & Resorts

အထူးဝမ်းမြောက်ကြောင်းဆုမွန်လွှာ

ဒေါ်တင်လတ်မင်း (ဒါရိုက်တာ၊ **ရွှေဖျိုင်းဖြူကုမ္ပဏီလီမိတက်**)သည် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ ချီးမြှင့်သော **သုဓမ္မသီဂီဘွဲ့**အား ရရှိသည့်အတွက် မိသားစုနှင့် ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာ့အကျိုး၊ အများအကျိုး ဆက်လက်သယ်ပိုး လှူဒါန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**ရွှေဖျိုင်းဖြူ ကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများ**

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း | ငွေစာရင်း
ကုန်လက်ကျန်စာရင်း | ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း | လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-252424002, 09-254151516, 09-43029798
MDY 09-31406813, 09-91050973
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

ကြော်ငြာ

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဗိုလ်မှူးကြီးမင်းချစ်ဦး(ငြိမ်း)၏ဇနီး၊ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ညိုညိုဝေလွင်(ခ)ငယ်ငယ်အား ၂၀၁၅ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သုဓမ္မာသီရိဘွဲ့တံဆိပ်အား နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဆက်လက်၍ နိုင်ငံအကျိုး၊ အမျိုးဘာသာ သာသနာနှင့် လူမှုရေးအကျိုးစီးပွားများကို ဆတက်ထမ်းပိုးတို့၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးကောင်းစံရှိ(ကျွန်းသားငမန်း)နှင့်ဇနီးဒေါ်နုနု**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရခိုင်ပြည်နယ်)**
**ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအကြံပေးအဖွဲ့ဝင်၊ စစ်တွေမြို့**
**စံနှိုင် (Sky Net mntv)သတင်းထောက်**

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဗိုလ်မှူးကြီးမင်းချစ်ဦး(ငြိမ်း)၏ဇနီး ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ညိုညိုဝေလွင်(ခ)ငယ်ငယ်အား ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ တွင် သုဓမ္မာသီရိဘွဲ့တံဆိပ်အား နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆက်လက်၍ နိုင်ငံအကျိုး၊ အမျိုးဘာသာ သာသနာနှင့် လူမှုရေးအကျိုးစီးပွားများကို ဆတက်ထမ်းပိုးတို့၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စံအေးရွှေနှင့်ဇနီးလှခင်ဝင်း**
**သားတပည့်**
**ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေမြို့**

# လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ဖြင့် နိုင်ငံတော်သမ္မတမှ ထိုက်တန်စွာပေးအပ်ချီးမြှင့်ပါသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်မှ သီရိသုဓမ္မာသီရိဘွဲ့အား ချီးမြှင့်ခြင်းခံရသော ဒေါ်ရွှေစင်(Gold Uni)၊ သုဓမ္မာသီရိဘွဲ့အား ချီးမြှင့်ခြင်းခံရသော ဒေါ်လှလှဝေ (Great Diamond)၊ ဒေါ်ရင်ရွှင်(New Star)၊ ဒေါ်တင်လတ်မင်း(ရွှေဗျိုင်းဖြူကုမ္ပဏီ) တို့အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ချစ်သောမိသားစုများနှင့်အတူတကွ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် အမျိုး၊ ဘာသာ၊ သာသနာတော်၏အကျိုးစီးပွားကို ဆတက်ထမ်းပိုးတို့၍ ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးဝင်းနိုင်-ဒေါ်ဝေဝေမွန်**
**မိသားစု**
**(ရွှေဟိန်းထက်ကျော်မျက်ကုမ္ပဏီ)**

**တစ်ဦးတည်းနှင့် မွေးသက္ကရာဇ်အမှန်**

ကျိုင်းတုံမြို့နေ ဝမ်းကူသစ်ရွာ ပင်းတောက်အုပ်စုနေ ဦးလော်ယိုး၏သား မောင်လီဂေါ်(ခ)အားဂေါ်(ခ) မောင်ထွန်းတင် ၁၃/ကတန(နိုင်)၀၈၂၆၃၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၇-၁၀-၁၉၈၀ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8A/7976 MITSUBISHI CANTER FE 315B LIGHT TRUCK ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးနိုင်ဦး ၉/မထလ(နိုင်)၁၁၉၀၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**



သတင်းနှင့် ကြော်ငြာ

# မကွေးတက္ကသိုလ် အထူးပြုဘာသာရပ်အလိုက် ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

**မကွေး ဇန်နဝါရီ ၇**

မကွေးတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အထူးပြုဘာသာရပ်အလိုက် အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီက မကွေးတက္ကသိုလ် ဘောလုံး အားကစားကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မကွေးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာသက်လွင်၊ မကွေးတက္ကသိုလ်မှ ဆရာကြီး ဆရာမကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြေးခုန်ပစ်အားကစားမောင်မယ်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် မကွေးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာသက်လွင်က ယခုလို ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပရခြင်းသည် ကျောင်းသား ကျောင်းသူများ အချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိစေရန်၊ အဖွဲ့လိုက် စည်းလုံးညီညွတ်မှုနှင့်အတူ ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ တစ်ဦးတစ်ယောက်ကောင်းမှ တစ်ဆင့် ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာစေရန်၊ တက္ကသိုလ်အဆင့်မှ ဇုန်အဆင့် နိုင်ငံကိုယ်စားပြုအဆင့်ထိထူးချွန်သော ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနမှလည်း တက္ကသိုလ် ဒီဂရီကောလိပ်များ၌ မိုးလုံလေလုံ အားကစားရုံများ၊ အဆင့်မြင့်အားကစားရုံများ တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲများတွင် မကွေးတက္ကသိုလ်အနေနှင့် သွားရောက်ယှဉ်ပြိုင်ခဲ့ရာ အာဆီယံတက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲအဆင့်အထိ အောင်မြင်မှုရရှိ တက်လှမ်းနိုင်ခဲ့ပါကြောင်း၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူများပီပီ စည်းကမ်းအဆင့်အတန်းရှိစွာကစားကြရန်၊ သို့မှသာ ဘာသာရပ်အသင်း၏ ဂုဏ်၊ မကွေးတက္ကသိုလ်၏ ဂုဏ်ဆောင်နိုင်သည့် အရည်အသွေးမြင့် အားကစားသမားများ ပေါ်ထွက်လာမည် ဖြစ်ပါကြောင်း ပြောကြားပြီး ပြေးခုန်ပစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

မကွေးတက္ကသိုလ် ပြေးခုန်ပစ်အားကစားပြိုင်ပွဲကြီးတွင် ပြေးခုန်ပစ်အားကစား မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀ နှင့် မီတာ ၁၅၀၀ ပြေးပွဲပြိုင်ပွဲများ၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်ပြိုင်ပွဲများ၊ အလျားခုန်၊အမြင့်ခုန်ပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့သည်။ **သန်းနိုင်ဦး(ငဖဲ)**



## လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**ပျဉ်းမနား ဇန်နဝါရီ ၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပေါင်းလောင်း အားကစားကွင်း၌ အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၄ ရက်က ကျင်းပသည်။

ပြိုင်ပွဲများကို ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ကျေးရွာများမှ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဘော်လီဘောတွင် ညောင်ပင်သာကျေးရွာက ပထမ၊ ပိုက်ကျော်ခြင်းတွင် ရွှေချီရပ်ကွက်က ပထမနှင့် ဘတ်စကက်ဘောတွင် အုပ်စု(က)က ပထမရရှိခဲ့ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင်လည်း အားကစားပြိုင်ပွဲများ ယခင်နှစ်များနှင့်မတူ စည်ကားစွာကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**

## ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး သတင်းစာရှင်းလင်း

**ကော့ကရိတ် ဇန်နဝါရီ ၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၏ လစဉ်ပုံမှန် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဒုတိယ ရဲမှူးကြီး ခင်မောင်စိုးနှင့် ခရိုင်တရားသူကြီး ဦးတူးမော်၊ ခရိုင်ဥပဒေအရာရှိ ဦးဆန်းဦး၊ မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း ကရင်ပြည်နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းလှိုင်(ကော့ကရိတ်)နှင့် မီဒီယာအဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ရဲလုပ်ငန်းဆိုင်ရာများနှင့် အုပ်ချုပ်ရေးဆိုင်ရာများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည် မေးမြန်းကြကြောင်း သိရသည်။ **တင်ဝင်းလှိုင်**

## သတင်းတိုများ

### မြစိမ်းရောင်စီမံကိန်းလုပ်ငန်း ဆောင်ရွက်

ချင်းပြည်နယ် ဟားခါးမြို့နယ် ဆတ္တားကျေးရွာရှိ အိမ်ထောင်စု ၁၂၁ စုကို ထုတ်ချေးဆောင်ရွက်လျက်ရှိသည့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဇန်နဝါရီ ၄ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာညို၊ ဟားခါးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလိန်းနိုင်နှင့် ဟားခါးမြို့နယ်ဦးစီးမှူး ဒေါ်ကျိန်ရှင်းနဲမ်တို့ အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းအောင်မြင်ရေးအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

### ရေးမြို့၌ခြင်ဆေးဖျန်းခြင်းဆောင်ရွက်

မွန်ပြည်နယ် ရေးမြို့ မြို့ပေါ်ရပ်ကွက် စာသင်ကျောင်းများအနက် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၌ စာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ခြင်များမှရရှိလာမည့် ရောဂါများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခြင်အန္တရာယ်များကင်းရှင်းစေရေး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျောင်းဝင်းအနီးအနားပတ်ဝန်းကျင်တစ်ခုလုံးမှ ခြင်များခိုအောင်းနေလျက်ရှိသော စာသင်ခန်းများ၊ ရေနုတ်မြောင်းများအားခြင်ဆေးဖျန်းခြင်းနှင့် ရေသိုလှောင်ကန်များကို ပိုးလောက်လမ်းများသေစေနိုင်သော အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၅ ရက် ညနေပိုင်းက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

### ကာကွယ်ဆေးထိုးနှံခြင်း အသိပညာပေး

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့တွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံတစ်ဝန်းဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးအစုလိုက် ထိုးနှံခြင်းလုပ်ငန်း အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁နာရီက ဒေါ့ဖုန်းယန်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိုးမောက်မြို့နယ် ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဦးအောင်ကျော်စိုးက "ဝက်သက်နှင့်ဂျိုက်သိုးကာကွယ်ဆေးကလေးများအားလုံးထိုးနှံပေး" ဆောင်ပုဒ်နှင့် အညီ ဒေါ့ဖုန်းယန်ဒေသတွင် ဇန်နဝါရီ ၁၉ ရက်မှစ၍ လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု အခြေအနေကို ရှင်းလင်းပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ပြည်သူများက ဂျိုက်သိုးရောဂါနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### စျေးနှုန်းချိုသာစွာဖြင့် ပြည်သူများအား ငါးများရောင်းချပေး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကန်သာယာ ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေး သမဝါယမ အသင်းလီမိတက်မှ ပြည်သူများစျေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ဇန်နဝါရီ ၅ ရက်နံနက် ၈ နာရီက ကျောက်တံခါးမြို့ ကန်သာယာငါးမွေးမြူရေးဌာနတွင် ငါးများရောင်းချပေးခဲ့ကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**


## အစိုးရစာရင်းစစ်ဟောင်းများ မိတ်ဆုံစားပွဲ

နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အစိုးရစာရင်းစစ်ဟောင်းများ၏ (၅)ကြိမ်မြောက် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ မိတ်ဆွေဟောင်းများအား ဆုံတွေ့နိုင်ရန်အတွက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ယာယီအမှုဆောင်အဖွဲ့**

**နေ့ရက်** - ၈-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ
**နေရာ** - အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ခန်းမ

**(၁၉၇၄-၁၉၈၀)ခုနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသူကျောင်းသားများ၏ (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲအခမ်းအနား**

## ဖိတ်ကြားလွှာ

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ၁၉၇၄ ခုနှစ်တွင် အတူတကွ စတင်တက်ရောက်ခဲ့ကြသော (၁၉၈၀ ခုနှစ်တွင် ဘွဲ့ရသည်ဖြစ်စေ မရသည်ဖြစ်စေ) မြို့ပြအင်ဂျင်နီယာကျောင်းသူကျောင်းသားများ၏ ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ရန်နှင့် မိတ်ဆုံစားပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၇-၁-၂၀၁၅ ရက်
**အချိန်** - ညနေ ၆း၀၀နာရီ
**နေရာ** - M3 Food Center

**ဆက်သွယ်ရန် ဦးဝင်းနိုင် ဖုန်း-၀၉-၅၀၁၄၉၂၊ ဦးခင်မောင်ရွှေ ဖုန်း-၀၉-၅၁၈၉၁၇၁၊ ဦးခင်မောင်ထွန်း ဖုန်း-၀၉-၂၅၄၃၉၅၉၇၄၊ ဒေါ်မီမီထွန်း ဖုန်း-၀၉-၅၁၃၅၆၉၀**

**မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(MICPA)၏ ပြင်ဆင်ထားသည့်အသင်းအဖွဲ့မှတ်တမ်းနှင့်အသင်းအဖွဲ့စည်းမျဉ်းများကို အတည်ပြုရန် အထူးအထွေထွေအစည်းအဝေးကြီးနှင့် န၀မအကြိမ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ**

## အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA)၏ ပြင်ဆင်ထားသည့် အသင်းအဖွဲ့မှတ်တမ်းနှင့် အသင်းအဖွဲ့စည်းမျဉ်းများကို အတည်ပြုရန် အထူးအထွေထွေအစည်းအဝေးကြီးနှင့် န၀မအကြိမ်မြောက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ၁၁-၁-၂၀၁၅ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်းခန်းမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉ တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ပါသည်။ ထိုအစည်းအဝေးသို့ အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ(မပျက်မကွက်) တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးသို့ တက်ရောက်လာသော MICPA အသင်းဝင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

### ဖခင်အမည်မှန်

မဘိမ်းမြို့နယ်၊ ဘဟဲရွာနေ ၂၀၁၄ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ မနန်းကျော့ကျော့စံနှင့် ဘဟဲ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ဇင်သီဟန်မောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်မောင်(ခ)ဦးအိုက်မြင့် ၁၃/မမတ(နိုင်)၀၁၃၅၂၂ ဖြစ်ပါကြောင်း။

**ဦးမြင့်မောင်(ခ)ဦးအိုက်မြင့်**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ အထက ဇင်းကျိုက် သတ္တမတန်း (B)မှ မောင်ဟိန်းသီလနှင့် အမက ခလောက်အင်း ဒုတိယတန်း(A)မှ မဇင်းဇင်းလင်းထိုက်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်းဦး ၁၀/ပမန(နိုင်)၁၆၅၂၇၂ ဖြစ်ပါကြောင်း။

### ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁၂-၂၀၁၄ ရက် မြန်မာ့အလင်း သတင်းစာ၏စာမျက်နှာကြော်ငြာ (၂၀) ကန့်ကွက်ကြော်ငြာ သာကေတမြို့နယ် ဒေါ်စန်းစန်းမြင့်+၁၏ မြေပုံကူးတွင် ကျန်အမည်ပေါက် ဦးကျော်စိုး အစား ကျန်အမည်ပေါက် ဦးကျော်စိုး(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်ဝင်း ၁၂/သကတ(နိုင်)၀၂၉၄၂၈ဟု ဖတ်ရှုပါရန်။

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၂ယ/၃၁၇၂၉ JLM 110၊ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းထွန်း ၁၃/တကန(နိုင်)၁၉၆၅၀၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

### အသိပေးကန့်ကွက်ခြင်း

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ မဟာသုခလမ်း၊ ၂၂၉၊ အကွက်အမှတ်(၂၆)၊ ဦးပိုင်အမှတ်(၅၆)၊ ဧရိယာ ၀ ဒသမ ၁၃၁၊ ဂရန်အမှတ်တွဲအမှတ်(၁၈၃) မြေကွက်အား ဒေါ်ပင်(န)စီပါ ခြောက်ဦးမှပိုင်ဆိုင်ပြီး ၎င်းတို့ခြောက်ဦးမသိရှိဘဲ အမည်ပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်းမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကန့်ကွက်အပ်ပါသည်။

**ဒေါ်ပင်(န)စီပါ(၆)ဦး**

# လိုင်မာမြို့က ရာသီဥတုပြောင်းလဲမှုတားဆီးရေးညီလာခံ

ဒေါက်တာ ကံညွှန့်

ပီရူးနိုင်ငံ Lima မြို့မှာ ကျင်းပတဲ့ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု တားဆီးရေးညီလာခံကြီးကတော့ ပြီးဆုံးခဲ့ပါပြီ။ ဒီညီလာခံမှာ ကမ္ဘာ့ကုလသမဂ္ဂကြီးက UNFCCC (United Nation Framework Convention on Climate Change) အမည်နဲ့ ရာသီဥတုပြောင်းလဲလာမှုကို တားဆီးဖို့ နိုင်ငံပေါင်းစုံက အခြေခံမူတစ်ခု သတ်မှတ်ဖို့ ရည်ရွယ်ပြီး ကျင်းပခဲ့တာပါ။ ဒီညီလာခံကြီးဟာ ရာသီဥတုပြောင်းလဲလာမှုကို ကာကွယ်နိုင်အောင် တစ်ကမ္ဘာလုံးက ဝိုင်းဝန်းကြိုးစားခဲ့ရာမှာ ပထမခြေလှမ်းလို့ တင်စားခဲ့ကြပါတယ်။ နောက်တစ်ဆင့်ကိုတော့ နောင်နှစ်ပြင်သစ်နိုင်ငံ၌ ကျင်းပမယ့် ညီလာခံမှာ ဆွေးနွေးကြဦးမှာပါ။ ယခုညီလာခံကို နိုင်ငံပေါင်း ၁၉၅ နိုင်ငံက ကိုယ်စားလှယ်ပေါင်း ၁၄၀၀၀ ခန့် တက်ရောက်ခဲ့ကြပါတယ်။ ဒီညီလာခံကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ဒီဇင်ဘာလ ၁ ရက်မှ ၁၂ ရက်အထိ ကျင်းပဖို့ စီစဉ်ထားခဲ့ပေမယ့် ညှိနှိုင်းမှုတွေမှာ ဆုံးဖြတ်ချက်မချနိုင်ခဲ့လို့ နှစ်ရက်ပိုပြီး ၁၄ ရက်နေ့အထိ ကျင်းပခဲ့ရတာပါ။

**အပူချိန်အမြင့်ဆုံးနှစ်**

ယခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့မှ စတင်ကျင်းပခဲ့တဲ့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှာ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် အမေရိကန်နိုင်ငံ သမ္မတအိုဘားမားတို့က ရာသီဥတုပြောင်းလဲမှုကို တားဆီးကာကွယ်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြဖို့ ကုလသမဂ္ဂအထွေထွေညီလာခံကြီးကို တက်ရောက်လာကြတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေကို ပြောကြားခဲ့ပါတယ်။ ဒါဟာ မိုးလေဝသပညာရှင်တွေက ဒီနှစ် ၂၀၁၄ ခုနှစ်ကို ကမ္ဘာကြီးရဲ့ အပူချိန်အမြင့်ဆုံးနှစ်လို့ သတ်မှတ်တာနှင့်လည်း သက်ဆိုင်နေပါတယ်။

ဒီရာစုနှစ်ရဲ့ ရည်မှန်းချက်ကတော့ ကမ္ဘာ့အပူချိန်ကို ၂ ဒီဂရီ ဆဲလ်စီးရပ် (၃ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) ထက် ပိုတိုးမလာအောင် ဆောင်ရွက်ကြဖို့ဖြစ်ပါတယ်။

**မုန်တိုင်းတွေတိုက်ခတ်ခဲ့**

ဒါဟာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံမှာ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၀၀ ကျော်က သဘောတူ ဆုံးဖြတ်ခဲ့တာပါ။ ယခုလောလောဆယ်မှာတော့ ကမ္ဘာကြီးဟာ သာမန်ရှိသင့်တာထက် 0. 85 Degree Celsius ပိုမြင့်နေတယ်လို့ ဆိုပါတယ်။ ဒီအခြေအနေမှာကို အပူလှိုင်းတွေဖြစ်ပေါ်ခြင်း၊ မုန်တိုင်းကြီးတွေဖြစ်ပေါ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေခဲတောင်တွေပျော်ကျလာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းတို့ ယခင်နှစ်များထက်ပိုပြီး ဖြစ်ပေါ်နေတာ ဖြစ်ပါတယ်။ ယခုလောလောဆယ် ဖိလစ်ပိုင်နိုင်ငံကို တိုက်ခတ်သွားတဲ့ မုန်တိုင်းဟာ တစ်နာရီကို မိုင် ၁၃၀ ခန့် အင်အားပြင်းပြီး ဥရောပနိုင်ငံတချို့နှင့် အမေရိကန်နိုင်ငံတွေမှာ မုန်တိုင်းတွေ တိုက်ခတ်ခဲ့ပါတယ်။

**စိတ်ဝင်တစား ပါဝင်လှုပ်ရှားဖို့လို**

အင်ဒိုနီးရှားနိုင်ငံမှာ ယခု ဒီဇင်ဘာလဆန်းက လူပေါင်း ၅၀ကျော် သေဆုံးပြီး ၇၀ ကျော် ပျောက်ဆုံးနေရတဲ့ မြေပြိုကျမှုဟာလည်း သုံးရက်ကြာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်လို့ သိရပါတယ်။ ဒါတွေဟာ ရာသီဥတုပြောင်းလဲလာမှုကို ရှေ့ပြေးနိမိတ်စိန်ခေါ်မှုတွေပဲ ဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုဒဏ်ကို အများဆုံးခံရမယ့်နိုင်ငံမှာ အာရှပစိဖိတ်ဒေသမှ နိုင်ငံတွေက အဆိုးဆုံးခံရမယ်လို့ ခန့်မှန်းခဲ့ကြတာပါ။ အခုလည်း ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ကြီးတစ်ခုဖြစ်တဲ့ ESCAP (Economic and Social Commission for Asia and the Pacific) အဖွဲ့ကြီးက ယခု ၂၀၁၄ ခုနှစ် ထုတ်ပြန်တဲ့ အစီရင်ခံစာအရ ၁၉၉၄ ခုနှစ်က ၂၀၁၃ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးမှာဖြစ်ခဲ့တဲ့ သဘာဝဘေးဒဏ်တွေအားလုံးရဲ့ ၄၀ ရာခိုင်နှုန်းဟာ ဒီဒေသမှာ ဖြစ်ခဲ့တာလို့ဆိုပါတယ်။ ဒီဒေသထဲမှာလည်း အရှေ့တောင်အာရှဟာ ပိုခံရပြီး ဒီဒေသတွင်းနှစ်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတွေမှာ အကြိမ်ပေါင်း ၅၂၇ ကြိမ် သဘာဝဘေးဒဏ်ဖြစ်ခဲ့ပြီး လူပေါင်း ၃၅၀၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရတယ်လို့ ဆိုပါတယ်။ တရုတ်နိုင်ငံဟာလည်း ဒီသဘာဝဘေးဒဏ်ကိုခံရတာမှာ အဆိုးရွားဆုံးခံရတဲ့နိုင်ငံတစ်ခုဖြစ်ပြီး အာရှက တခြားဒေသတွေအားလုံးရဲ့ နှစ်ဆခန့် အကြိမ်များခဲ့တယ်လို့ ဆိုပါတယ်။ ဒါဟာ ESCAP ရဲ့ ၂၀၁၄ မှာ ထုတ်ဝေတဲ့ Statistic Year Book မှာဖော်ပြထားတာပါ။ ဒါကြောင့် ဒီအာရှဒေသမှာနေထိုင်သူအားလုံး ရာသီဥတုပြောင်းလဲမှုတားဆီးရေးမှာ စိတ်ဝင်စားစွာ ပါဝင်လှုပ်ရှားဖို့ လိုပါတယ်။

**အရေးတကြီးခေါ်ယူကျင်းပခဲ့**

ယခုကမ္ဘာကြီးရဲ့ အပူချိန်ကို ဒီလို နှစ်ဒီဂရီထက် မပိုအောင် ကာဗွန်ဓာတ်ထုတ်လုပ်မှုကို တစ်နှစ်မှာ ၆ ဒသမ ၂ ရာခိုင်နှုန်း လျှော့ချဖို့လိုတယ်လို့ သိပ္ပံပညာရှင်တွေက တွက်ဆထားကြပါတယ်။ ယခု လောလောဆယ်မှာတော့ ကာဗွန်ဓာတ်ထုတ်လုပ်မှုဟာ ၂၀၁၂-၂၀၁၃ ခုနှစ်တွေမှာ ယခင်ကထက် ၁ ဒသမ ၂ ရာခိုင်နှုန်းသာ လျှော့နည်းအောင် ဆောင်ရွက်နိုင်ခဲ့ကြတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာပေါ်က နိုင်ငံကြီးတွေအားလုံးဟာ ၆ ဒသမ ၂ ရာခိုင်နှုန်းကို ပြည့်မီဖို့ အများကြီး ကြိုးစားရလိမ့်မယ်လို့ ဆိုထားပါတယ်။ ဒါကြောင့်လည်း Lima မြို့က ညီလာခံကြီးကို အရေးတကြီးခေါ်ယူ ကျင်းပခဲ့ရတာ ဖြစ်ပါတယ်။

**ကာဗွန်ဓာတ်အထုတ်ဆုံးနိုင်ငံစာရင်းဝင်**

လေ့လာသူတွေရဲ့အဆိုအရ ကုန်ထုတ်လုပ်မှုမှာ အချက်အချာကျနေတဲ့ နိုင်ငံကြီးခုနစ်နိုင်ငံရဲ့ ကာဗွန်ဓာတ်ထုတ်လုပ်နေမှုဟာ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံကြီး ခုနစ်နိုင်ငံထက် ၁ ဒသမ ၅ ဆ ပိုများနေတယ်လို့ ဆိုပါတယ်။ ကုန်ထုတ်လုပ်မှု အချက်အချာ နိုင်ငံတွေအဖြစ် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံစတဲ့ နိုင်ငံတွေကို ဥပမာပေးထားပါတယ်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်တဲ့ နိုင်ငံတွေကတော့ အမေရိကန်၊ ဗြိတိန်၊ ဂျပန်၊ ပြင်သစ်၊ ဂျာမနီနှင့် ဥရောပနိုင်ငံတွေဖြစ်ပါတယ်။ ဒီအထဲက ပြင်သစ်နိုင်ငံဟာ သူတို့ရဲ့ စွမ်းအင်ထုတ်လုပ်မှုကို ၁၉၈၀ ပြည့်နှစ်ကစပြီး နျူကလီးယား စွမ်းအင်အဖြစ်ပြောင်းလဲနိုင်ခဲ့တာကြောင့် ကာဗွန်ဓာတ်ထုတ်လုပ်မှုကို ၄ ရာခိုင်နှုန်း လျှော့သွားစေတယ်လို့ ဆိုပါတယ်။ ဒီလိုပဲ ဗြိတိန်နိုင်ငံဟာလည်း သဘာဝဓာတ်ငွေ့ကရတဲ့ စွမ်းအင်ကို ၁၉၉၀ ပြည့်နှစ်လောက်ကပဲ အသုံးပြုခဲ့တာကြောင့် ကာဗွန်ဓာတ်ထုတ်လုပ်မှုကို ၃ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီလိုပဲ အမေရိကန်နိုင်ငံဟာလည်း နျူကလီးယားစွမ်းအင်နှင့် ဓာတ်ငွေ့လောင်စာကို ပိုမိုအသုံးပြုနိုင်ခဲ့တာကြောင့် ၂၀၁၂ ခုနှစ်ကစပြီး ကာဗွန်ဓာတ်ထုတ်လုပ်မှုကို ၃ ဒသမ ၅ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဩစတြေးလျနိုင်ငံဟာလည်း သူတို့အဆိုအရ ၂၀၁၃ ခုနှစ်မှာ ကာဗွန်ဓာတ် ထုတ်လုပ်မှုကို ၇ ဒသမ ၂ ရာခိုင်နှုန်းထိ လျှော့ချခဲ့တယ်လို့ ဆိုပါတယ်။ ဩစတြေးလျနိုင်ငံဟာ ကမ္ဘာမှာ ကျောက်မီးသွေး အများဆုံးထုတ်လုပ်တဲ့ နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်တဲ့အတွက် ကမ္ဘာမှာ လူတစ်ဦးချင်းအနေနဲ့ တွက်ရင် ကာဗွန်ဓာတ်အထုတ်ဆုံးနိုင်ငံအဖြစ် စာရင်းဝင်ခဲ့တာဖြစ်ပါတယ်။

**Lima သဘောတူညီချက်အရ နိုင်ငံတိုင်းဟာ ရာသီဥတုပြောင်းလဲရေးအတွက် လုပ်ဆောင်ရမယ့် စီမံကိန်းကို ရေးဆွဲပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ကျင်းပမယ့် ညီလာခံမတိုင်မီ မတ် ၃၁ ရက် နောက်ဆုံးထား ရေးဆွဲတင်ပြဖို့လည်း ပါဝင်တယ်။ တစ်ခုဝမ်းသာစရာကတော့ ပင်လယ်သမုဒ္ဒရာတွေထဲမှာ တည်ရှိနေတဲ့ ကျွန်းနိုင်ငံငယ်လေးတွေက ပင်လယ်ရေမျက်နှာပြင်မြင့်တက်တာအပေါ် သူတို့ရဲ့စိုးရိမ်ပူပန်မှုကို ဖော်ပြနိုင်ခဲ့ကြတာဖြစ်ပါတယ်။**

**စွမ်းအင်ထုတ်လုပ်မှုများလာ**

ကမ္ဘာ့ကုလသမဂ္ဂက ဖွဲ့စည်းပေးထားတဲ့ IPCC ခေါ်တဲ့ Intergovernmental Panel on Climate Change ခေါ်တဲ့ အဖွဲ့ကြီးက ရာသီဥတုပြောင်းလဲမှုကို ဟန့်တားဖို့ ဆောင်ရွက်ရာမှာ အဆင့်မြင့်ဆုံး အဖွဲ့ကြီးဖြစ်ပါတယ်။ ဒီအဖွဲ့ကြီးမှာ UNEP ခေါ်တဲ့ United Nations Environmental Programme နှင့် WHO ခေါ်တဲ့ World Meterological Organization က ပညာရှင်က ပါဝင်တာပါ။ ဒီ IPCC အဖွဲ့ကြီးရဲ့ အစီရင်ခံစာမှာ ၁၉၉၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း လေ့လာထားချက်အရ ရာသီဥတု ပြောင်းလဲမှုရဲ့ ၉၀ ရာခိုင်နှုန်းဟာ စွမ်းအင်ထုတ်လုပ်မှု တိုးများလာခြင်းကြောင့် ဖြစ်ရတယ်လို့ ဆိုပါတယ်။

**သဘာဝပတ်ဝန်းကျင်မျှတအောင်ဆောင်ရွက်**

Green House Gas ခေါ်တဲ့ ကမ္ဘာကြီး ပူနွေးလာမှုကို ဖြစ်စေတဲ့ ကာဗွန်ပါတဲ့ ဓာတ်ငွေ့မှာ နှစ်မျိုးရှိပါတယ်။ သဘာဝအလျောက်ဖြစ်ပေါ်တဲ့ Green House Gas နှင့် စက်ရုံအလုပ်ရုံနှင့် စွမ်းအင်ထုတ်လုပ်မှုတွေကထွက်တဲ့ Green House Gas တို့ဖြစ်ပါတယ်။ သဘာဝအလျောက် ဖြစ်ပေါ်တဲ့ Green House Gas တွေကတော့ ကာဗွန်ဒိုင် အောက်ဆိုက်ဓာတ် ($CO_2$)၊ မီသိန်း (Methane)၊ Water Vapour နှင့် နိုက်ထရပ်အောက်ဆိုက် (Nitrous Oxide) ဓာတ်ငွေ့တို့ပဲဖြစ်ပါတယ်။ ဒီဓာတ်ငွေ့တွေဟာ သာမန်လိုအပ်တာထက်မပိုဘူးဆိုရင် ရာသီဥတုပူနွေးလာမှုကို မဖြစ်စေဘဲ လူသားတွေအတွက်အကျိုးပြုတဲ့ ဓာတ်ငွေ့ဖြစ်ပါတယ်။ ဒီဓာတ်ငွေ့ဟာ သစ်ပင်သစ်တောတွေနှင့် ရေမျက်နှာပြင်တွေက ထွက်လာပြီး သဘာဝပတ်ဝန်းကျင်ကို မျှတအောင် ဆောင်ရွက်ပေးနေကြတာဖြစ်ပါတယ်။

သစ်ပင်သစ်တောတွေကို ပြုန်းတီးအောင် ပြုလုပ်နေခြင်းဟာ ဒီဓာတ်ငွေ့ကို သဘာဝပတ်ဝန်းကျင်မှာ တိုးပွားအောင် ပြုလုပ်တာဖြစ်တဲ့အတွက် ရာသီဥတုပြောင်းလဲမှုကို ပိုဆိုးစေပါတယ်။

နောက် Green House Gas တစ်မျိုးဖြစ်တဲ့ ရာသီဥတုပူနွေးလာမှု၊ ဖန်လုံအိမ်အာနိသင်ဖြစ်စေတဲ့ ကာဗွန်ဓာတ်ငွေ့ကတော့ CFC ခေါ်တဲ့ Chlorofluro Carbon, HFC ခေါ်တဲ့ Hydroflurocarbon, PFC ခေါ်တဲ့ Perflurocarbon နှင့် SF6 ခေါ်တဲ့ Sulphur Hexafluride တို့ပဲဖြစ်ပါတယ်။ ဒီ Gas တွေဟာ အများအားဖြင့် စွမ်းအင်လောင်စာထုတ်လုပ်မှု များပြားလာတာနဲ့ စက်ရုံတွေ များပြားလာတာကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။

**သဘောထားကွဲလွဲမှုများရှိခဲ့**

ဒါကြောင့် လိုင်မာမြို့မှာ ကျင်းပပြီးဆုံးသွားတဲ့ ယခုနှစ် ရာသီဥတုပြောင်းလဲလာမှု တိုက်ဖျက်ရေးညီလာခံမှာ တိုးတက်ပြီး နိုင်ငံတွေနဲ့ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံတွေ၊ ဆင်းရဲတဲ့ နိုင်ငံတွေရဲ့ စွမ်းအင်ထုတ်လုပ်မှုမှာ ထိန်းသိမ်းဆောင်ရွက်ဖို့ ညှိနှိုင်းရာမှာ အဆင်မပြေမှုတွေကို ကြုံခဲ့ရတယ်လို့ သိရပါတယ်။

တိုးတက်ပြီးနိုင်ငံတွေက ကာဗွန်ဓာတ်ထုတ်လုပ်မှုကို ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပေမယ့် တိုးတက်ဆဲ ဖွံ့ဖြိုးစနိုင်ငံတွေနဲ့ ဆင်းရဲတဲ့ နိုင်ငံတွေကတော့ ကုန်ထုတ်လုပ်မှု၊ စွမ်းအင်လိုအပ်မှုတွေအတွက် ကာဗွန်ဓာတ် လျှော့ချနိုင်ဖို့ အခက်အခဲရှိကြမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၈ သို့

**The Government of the Republic of the Union of Myanmar**
**Ministry of Energy**
**Myanma Petrochemical Enterprise**
**Auction for Petroleum Coke**
**Tender No.(2)**

The Myanma Petrochemical Enterprise (MPE), the Ministry of Energy, hereby announces a tender for auctioning the 3000(±5%) metric tons of petroleum coke (FOR EXPORT ONLY) in foreign currency.

1. The documentation related to the petroleum coke auction can be purchased with 100 USD per package by any interested parties commencing 12th January 2015 in the head office of MPE at the address mentioned below.
2. The petroleum coke shall be auctioned off in United States Dollar.
3. Interested parties can submit the bid with proposed price as EX-FACTORY in accordance with the details mentioned in tender document in sealed envelope to the following address in person before 27th February 2015 at 12:00 noon;

Chairman
Tender Evaluation Committee
Myanma Petrochemical Enterprise
Building No.44, Nay Pyi Taw
The Republic of the Union of Myanmar

4. Bidders shall also submit a bid bond of 50000 USD issued by the Myanma Foreign Trade Bank (MFTB) in the name of MPE together with the bid in the same envelope.
5. The tender evaluation committee shall receive all bids by the mentioned deadline and open the bids on 27th February 2015 at 13:00 hour at the same location.
6. For more information, please contact the following address;

Myanma Petrochemical Enterprise
Ministry of Energy
Building No.44, Nay Pyi Taw
The Republic of the Union of Myanmar
mpeict@gmail.com
Fax:+9567411094, +959411343

7. Late inquiries or inquiries via telephone will not be answered.

**Tender Evaluation Committee**
**Myanma Petrochemical Enterprise**

**စစ်ကိုင်းတိုင်းဒေသကြီး၊ စက်မှုဇုန်ကြီးကြပ်မှုကော်မတီ၊ မုံရွာမြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စက်မှုဇုန်ရပ်ကွက်၊ ကြာဇံ/သားရေဇုန်၌ရှိသော တိုးချဲ့မြေကွက် (၈၀×၈၀)ပေ (၃၁)ကွက်အား ရောင်းချခြင်းလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း လျှောက်လွှာတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀-၁-၂၀၁၅ ရက်၊ ၁၀:၀၀ နာရီ ရက်မှစတင်၍ ရုံးချိန်အတွင်း
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၂-၂၀၁၅ ရက်၊ ၁၆:၀၀ နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၇-၂-၂၀၁၅ ရက်၊ ၁၃:၀၀ နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး၊ စက်မှုဇုန်ရပ်ကွက်၊ မုံရွာမြို့

**တင်ဒါခေါ်ယူရေးကော်မတီ**
**စီမံခန့်ခွဲရေးကော်မတီရုံး**
ဖုန်း-၀၇၁-၂၅၂၈၄၊ ၂၅၀၄၇၊ ၂၅၀၄၂

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

လှည်းကူးမြို့၊ မြို့မတိုးချဲ့မင်းလမ်းမနေ ဦးစောနောင် ၁၃/ကလန(နိုင်)၀၀၇၂၂၁၏သား မောင်အောင်ရဲခန့် ၁၂/လကန(နိုင်)၂၁၄၆၈၆ သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးစောနောင် ၁၃/ကလန(နိုင်)၀၀၇၂၂၁**

**ဦးခင်ဇော် ၁၃/တကန(နိုင်)၁၈၁၀၂၅ နှင့် အများသိစေရန်ကြေညာခြင်း**

ကျွန်မဒေါ်နန်းပွင့်ဖြူမွေးနှင့် ဦးခင်ဇော်တို့သည် ၁၉၉၉ခုနှစ် ဇူလိုင်လမှစတင်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရာ သားသမီးနှစ်ဦး ထွန်းကားခဲ့ပြီး ဦးခင်ဇော်မှ လင့်ဝတ္တရားတာဝန်ကျေပွန်အောင်ဆောင်ရွက်ပေးခြင်းမရှိဘဲ ကျွန်မအား ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ် ၁၂လပိုင်းတွင် သူ၏သဘောဆန္ဒအရ နေအိမ်မှဆင်းသွားပြီး ကျွန်မတို့အား ကျွေးမွေးစောင့်ရှောက်ထောက်ပံ့ခြင်းမရှိသောကြောင့် ယနေ့မှစ၍ ၎င်းနှင့် ကျွန်မသည် လင်မယားအဖြစ်မှ လုံး၀(လုံး၀) မသက်ဆိုင်တော့ပါကြောင်း ဦးခင်ဇော်နှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းပွင့်ဖြူမွေး ၁၃/တကန(နိုင်)၁၅၉၆၇၅**
**အမှတ် ၁၄၃၊ ၄ရပ်ကွက်၊ အေးသာယာမြို့၊ တောင်ကြီးမြို့နယ်**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စာမျက်နှာ ၁၇ မှ

ယင်းအချက်အပေါ် အခြေခံပြီး ယခင်ဆွေးနွေးပွဲများရဲ့ အစဉ်အလာအတိုင်း သဘောထားကွဲလွဲမှုများ ရှိမြဲရှိခဲ့ကြပါတယ်။ ဒါကြောင့်လည်း ဆုံးဖြတ်ချက်အလွယ်တကူမချနိုင်ဘဲ ဆွေးနွေးပွဲကို နဂိုသတ်မှတ်ထားသည့်ရက်ထက် နှစ်ရက်ပိုပြီး ကျင်းပခဲ့ကြတာဖြစ်တယ်။

**ကန်ဒေါ်လာ ၁၀ ဘီလီယံကူညီရန် သဘောတူ**

ဒါပေမယ့် နောက်ဆုံးနေ့မှာတော့ ရာသီဥတုပြောင်းလဲမှုတားဆီးရေးအတွက် အရေးပေါ်ဆောင်ရွက်ရမယ့် လီမာရဲ့တောင်းဆိုချက်ကို အတည်ပြုနိုင်ခဲ့ပါတယ်။ ဒါဟာ နောက်နှစ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ပဲရစ်မှာ ကျင်းပမယ့် အလားတူ ညီလာခံကြီးရဲ့ ပထမအဆင့်ဖြစ်တယ်လို့ ကြေညာလိုက်ကြပါတယ်။ ယခု Lima သဘောတူညီချက်အရ နိုင်ငံတိုင်းဟာ ရာသီဥတုပြောင်းလဲရေးအတွက် လုပ်ဆောင်ရမယ့် စီမံကိန်းကို ရေးဆွဲပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ကျင်းပမယ့် ညီလာခံမတိုင်မီ မတ် ၃၁ ရက် နောက်ဆုံးထားရေးဆွဲတင်ပြဖို့လည်းပါဝင်တယ်။ တစ်ခုဝမ်းသာစရာကတော့ ပင်လယ်သမုဒ္ဒရာတွေထဲမှာ တည်ရှိနေတဲ့ ကျွန်းနိုင်ငံငယ်လေးတွေက ပင်လယ်ရေမျက်နှာပြင် မြင့်တက်တာအပေါ် သူတို့ရဲ့စိုးရိမ်ပူပန်မှုကို ဖော်ပြနိုင်ခဲ့ကြတာဖြစ်ပါတယ်။ ဆင်းရဲတဲ့ နိုင်ငံတွေရဲ့ ရာသီဥတုပြောင်းလဲရေး တားဆီးရေးမှာ အသုံးပြုရမယ့်ငွေကြေးပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ အကူအညီပေးဖို့ကိုလည်း သဘောတူခဲ့ကြပါတယ်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာမှာလုပ်မယ့် ညီလာခံကြီး မတိုင်မီ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ တစ်ကြိမ်၊ ဇွန်လပထမပတ် ဂျာမနီနိုင်ငံ ဘွန်းမြို့မှာ တစ်ကြိမ် ဆွေးနွေးပွဲငယ်များ ပြုလုပ်ဖို့လည်း ဆုံးဖြတ်ခဲ့ကြပါတယ်။ နိုင်ငံအားလုံးရာသီဥတု ပြောင်းလဲမှုအတွက် စတင်လုပ်ဆောင်နိုင်ဖို့ကတော့ အနည်းဆုံး ၂၀၂၀ ပြည့်နှစ်မှသာ အသက်ဝင်လိမ့်မယ်လို့ မျှော်လင့်ထားတာ တင်ပြလိုက်ရပါတယ်။ ။

# ခတ်ကျွမ်ကျဲန် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေစက်သွန်းချ

**မိုင်းဖြတ် ဇန်နဝါရီ ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် နမ့်လန်းကျေးရွာအုပ်စု ပါထွန်းကျေးရွာတွင် တည်ထားကိုးကွယ်လျက်ရှိသော ခတ်ကျွမ်ကျဲန်စေတီတော်မြတ်ကြီးကို အလှူရှင် ဦးထွန်းရွှေနှင့် ဇနီး ဒေါ်နန်းထမ်းမိသားစုတို့က ဘက်စုံမွမ်းမံပြုပြင်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအလှူတော် မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက စေတီပရိဝုဏ်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး တာချီလိတ်မြို့ ပုံလို့တောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာစာရထံမှ ပရိသတ်များ ကငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍သံဃာတော်အရှင်သူမြတ်တို့ထံမှ မေတ္တာသုတ်ပရိတ်တရားတော်များနာကြားပြီး ပင့်သံဃာအရှင်မြတ်တို့အား တပ်နယ်မှ ဗိုလ်မှူးကြီးမျိုးတင့်အောင်နှင့် အလှူရှင်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**သန်းထွန်းအေး(iprd)**

## နိုင်ငံကြီးသား ပီသစွာ အခွန်ဆောင်တာပြည့်အကျိုးပါ



# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ မီးသတ်ယာဉ်နှင့် မီးသတ်ရေသယ်ယာဉ် ၅၃ စီး မြို့နယ်များသို့ပေးအပ်

**ပုသိမ် ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်နှင့် ကျေးလက်ဒေသများ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးဒဏ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မှီဆောင်ရွက်ရန် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနသို့ မီးသတ်ယာဉ် ၂၆ စီး၊ မီးသတ်ရေသယ်ယာဉ် ၂၇ စီးနှင့် ဆက်စပ်ကျောပိုးမီးသတ်စက်၊ သက်ကယ်ပစ္စည်းများ၊ မီးသတ်ရေပိုက်များ၊ မီးသတ်ဆေးရည်များ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက်က ပုသိမ်မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ခုနှစ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အသုံးပြုရန် ဘဏ္ဍာငွေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များမကျန် မီးဘေးလုံခြုံရေး၊ သဘာဝဘေးဒဏ် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ရေရှည်သုံးစွဲနိုင်ရန် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်လည်း လိုအပ်ပါကြောင်း၊ ကျွမ်းကျင်မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခွဲမီးသတ်စခန်းများ တိုးချဲ့ဖွဲ့ စည်းရန်လိုအပ်ကြောင်း ပြောကြားသွားသည်။ ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မောင်မောင်ဝင်းက မီးသတ်ယာဉ်နှင့် မီးသတ်ရေသယ်ယာဉ် ၅၃ စီးနှင့် ဆက်စပ်ပစ္စည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်သန်းပေါင်း ၂၅၇၈ ဒသမ ၇ ကုန်ကျခံ၍ ဂျာမနီနိုင်ငံနှင့် တရုတ်နိုင်ငံမှဝယ်ယူ၍ လှူဒါန်းရခြင်းဖြစ်ကြောင်းနှင့် ၂၆ မြို့နယ်မှ မီးသတ်ဦးစီးဌာနမှူးများ၊ နယ်မြေခွဲမီးသတ်စခန်းမှ တာဝန်ခံများအား မီးသတ်ယာဉ်များနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့်အတူ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် အခမ်းအနားကို တက်ရောက်လာသော ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးစိုးမြင့် (စံ-ပရိဘောဂ) ကလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ ပင်လယ်ကမ်းစပ်၊ တောင်ပေါ်မြေပြန့်ဒေသ အနှံ့ပြည်သူများ မီးဘေး၊ ရေဘေး၊ သဘာဝဘေးဒဏ် အန္တရာယ်များ လုံခြုံစေရေးအတွက် အလေးထားပြီး ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ရပ်မိရပ်ဖများကိုယ်စား ပြောကြားသွားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်နည်းစွမ်းရည်နှင့် အသက်ကယ်နည်း သရုပ်ပြခြင်းများကို ကြည့်ရှုလေ့လာပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးသွားကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# ဆိုလာစနစ်ဖြင့် ကျေးရွာလုံးကျွတ် မီးလင်းရေးဖွင့်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၇**

မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရှောက်ချောင်းကျေးရွာအုပ်စု ဗန္ဓုလကျေးရွာနှင့် စွယ်စုံကျေးရွာတို့တွင် ဗဟိုထိန်းချုပ် ဆိုလာစနစ်ဖြင့် ကျေးရွာလုံးကျွတ်မီးလင်းရေးဖွင့်ပွဲများကို ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီနှင့် ၂ နာရီခွဲတို့တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗန္ဓုလကျေးရွာရှိ အိမ်ခြေ ၁၇၉ အိမ်၊ လမ်းမီးတိုင် ၄၀ တို့တွင် ဆိုလာစနစ်ဖြင့် ကျေးရွာလုံးကျွတ်မီးလင်းရေးဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးကိုတို့က ဆိုလာစနစ်ဖြင့် ကျေးရွာလုံးကျွတ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် MTW- 888 ကုမ္ပဏီ လီမိတက်မှ ဗန္ဓုလကျေးရွာတွင် ငွေကျပ် သိန်း ၃၄၀ နှင့် စွယ်စုံကျေးရွာတွင် ငွေကျပ် ၁၂၉သိန်း တန်ဖိုးရှိ မီးလင်းရေး ဆောင်ရွက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗန္ဓုလကျေးရွာတွင် ဆိုလာစနစ်ဖြင့် ကျေးရွာလုံးကျွတ် မီးလင်းရေးဖွင့်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဌေးကိုနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလားတူ ဗဟိုထိန်းချုပ်ဆိုလာစနစ်ဖြင့် စွယ်စုံကျေးရွာရှိအိမ်ခြေ ၆၈ အိမ်၊ လမ်းမီးတိုင် ၃၀ တို့အား ကျေးရွာလုံးကျွတ် မီးလင်းရေးဖွင့်ပွဲကို မွန်းလွဲ ၂နာရီခွဲက ကျင်းပသည်။

ထို့အပြင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ကျေးရွာရစ်ရွာ၌ ဆိုလာစနစ် မီးလင်းရေးလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများတွင် အသုံးပြုရန် အောက်ဖော်ပြပါ ကွန်ပျူတာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Desktop Computer (၅၄)လုံး

၂။ ကွန်ပျူတာများလက်ဝယ်ရှိသူများ တင်ဒါတင်သွင်းနိုင်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၁-၂၀၁၅ ရက် (ကြာသပတေးနေ့)
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၅-၁-၂၀၁၅ ရက်၊ ညနေ ၄:၃၀ နာရီ (ကြာသပတေးနေ့)
**တင်ဒါဖွင့်မည့်ရက်** - ၂၁-၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
**နေရာ** - အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (နေပြည်တော်)

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ပြည်ကြီးဗေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၃၄၉၀**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဂ/၈၆၅၅၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/8759 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



**အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း**

မိတ္ထီလာမြို့၊ မြို့မ(၄)နယ်မြေ၊ မင်းရပ်၊ စာတိုက်လမ်းနေ ဒေါ်ထားထားဦး ၉/ကပတ(နိုင်)၀၈၅၈၆၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

၂-၁-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁)တွင် ဒေါ်ကျင်သောင်း၏ညွှန်ကြားချက်အရ ၎င်း၏တရားလွှတ်တော်ရှေ့နေမှ အများသိစေရန်ကြေညာခြင်းတွင် ဖော်ပြချက်များမှာ မှန်ကန်မှုမရှိကြောင်း ပြန်လည်ရှင်းလင်းကြေညာပါသည်။

မိခင် ဒေါ်ကျင်သောင်း၏ ၂၉-၃-၂၀၁၁ရက်ထုတ် ကြေးမုံသတင်းစာတွင် ဒေါ်ထားထားဦးအား မွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်နှင့်ပတ်သက်၍ ဒေါ်ထားထားဦးက ၅-၄-၂၀၁၁ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၆)တွင် ပြန်လည်ရှင်းလင်းအသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

မိခင် ဒေါ်ကျင်သောင်းမှလည်း ၎င်း၏ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းကြောင်း အိမ်နီးချင်းများ၊ ဆွေမျိုးများရှေ့မှောက်တွင်ပြောဆိုကာ ဒေါ်ထားထားဦးမှ မိခင်ဒေါ်ကျင်သောင်းအပေါ် သမီးဝတ္တရားကျေပွန်စွာ ကျွေးမွေးပြုစုစောင့်ရှောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း အိမ်နီးချင်း၊ ပတ်ဝန်းကျင်ရှိလူများ ကောင်းစွာသိရှိကြပါသည်။

အသက်(၈၆)နှစ်အရွယ်ရှိပြီး ကိုယ်စိတ်နှစ်ပါး အင်အားချည့်နဲ့လာသူ မိခင်အိုကြီး၏ ဝိုင်းမြေနေအိမ်ကို ဈေးပေါပေါဖြင့် ရရှိလိုသူအချို့နှင့် ပွဲစားများ၏ ဆောင်ရွက်နေမှုများကို ဒေါ်ထားထားဦးက ကန့်ကွက်ရာမှ ဒေါ်ထားထားဦးအပေါ် သမီးတစ်ယောက်နှင့်မလျော်ညီသော ပြုမှု၊ သမီးမပီသသောပြုမှုကို ကျူးလွန်ပါသဖြင့်ဟုဆိုကာ သွာနုတ္တသမီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်းမှာ အကျိုးအမြတ်ရလိုသူ ဝိသမ သမားများက မိခင်အိုကြီးအား စည်းရုံးလှုံ့ဆော်ကာ ဒေါ်ထားထားဦး၏ ဂုဏ်သိက္ခာကိုထိခိုက်စေရန်ရည်ရွယ်လျက် မဟုတ်မမှန် ပြောဆိုရေးသား၊ ကြေညာစေရန်ဆောင်ရွက်ခဲ့သူများကို ဥပဒေနှင့် တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **ဒေါ်ထားထားဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထားထားဦး** **ဦးအောင်ဝင်း LL.B**
**၉/ကပတ(နိုင်)၀၈၅၈၆၉** **တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၉၆)**
**ဒေါ်ခင်စိုးသိုက် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၂၅၂၀၀)**
**ဇီဇဝါလမ်း၊ နယ်မြေ(၃)၊ ပေါက်ချောင်း(၁)၊ မိတ္ထီလာမြို့**
**ဖုန်း-၀၉-၄၃၁၀၆၅၈၁၊ ဖုန်း-၀၉-၄၂၀၇၃၅၉၁၆**



**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း**

**အကြောင်းကြားစာ**

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ဒက္ခိဏခရိုင်တရားမရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၄**

**ကွယ်လွန်သူ ဦးခွန်နောင် သူဌေးကုန်းကျေးရွာ (ဆောက်လုပ်ရေးဝင်း)၊ ကျားသေအိုင်ကျေးရွာအုပ်စု၊ တပ်ကုန်းမြို့၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

သူဌေးကုန်းကျေးရွာ(ဆောက်လုပ်ရေးဝင်း)၊ ကျားသေအိုင်ကျေးရွာအုပ်စု၊
တပ်ကုန်းမြို့နေ ဒေါ်စဘော်ဒွဲ(ဘ)ဦးကွန်ဖန် **လျှောက်သူ**

သူဌေးကုန်းကျေးရွာ(ဆောက်လုပ်ရေးဝင်း)၊ ကျားသေအိုင်ကျေးရွာအုပ်စု၊ တပ်ကုန်းမြို့နေ ဒေါ်စဘော်ဒွဲက ကွယ်လွန်သူ ဦးခွန်နောင်၏ မိခင်ဖြစ်သည်ဟူ၍ သူဌေးကုန်းကျေးရွာ (ဆောက်လုပ်ရေးဝင်း)၊ ကျားသေအိုင်ကျေးရွာအုပ်စု၊ တပ်ကုန်းမြို့နေ ၎င်းကွယ်လွန်သူ ဦးခွန်နောင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးခွန်နောင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၃၀ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁၁ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်စဘော်ဒွဲ၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၉ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးဆွေဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဒက္ခိဏခရိုင်တရားရုံး**


**ပြင်ဆင်ဖတ်ရှုပါရန်**

၃၀-၁၂-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၇) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၅) ဒေါ်ဘောဘီရွှေ(ခ)ဒေါ်အေးမွန်၏ မြေပုံကူးတွင် လျှောက်ထားသူ ဒေါ်ဘောဘီရွှေ(ခ)ဒေါ်အေးမွန်+၅ ၁၂/မရက(နိုင်)၀၄၇၈၄၁ဟု ဖတ်ရှုပါရန်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကသာခရိုင် ဝန်းသို-မဲဇာ-အင်းတော်လမ်း ဖောက်လုပ်မှုစစ်ဆေး



**ကသာ ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ ဝန်းသို-မဲဇာ-အင်းတော်ကားလမ်း ဖောက်လုပ်မှုအခြေအနေကို ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် ကသာခရိုင် အင်ဂျင်နီယာ ဦးအောင်ကျော်ဟန်တို့က ဇန်နဝါရီ ၅ ရက်တွင် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ ဝန်းသို-မဲဇာ-အင်းတော်ကားလမ်း အရှည်မှာ ၃၅ မိုင် ၁ ဖာလုံရှိပြီး ကားလမ်းအသစ်ဖောက်လုပ်မှုအတွက် လမ်းအူကြောင်းရှာဖွေမှု၊ မြေသားလမ်းပြီးစီးမှု၊ ကျောက်ချောလမ်း ပြင်ဆင်မှုတို့ကို လုပ်ဆောင်နေကြောင်း သိရသည်။

တိုင်းဒေသကြီး လမ်းများ၏ အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေလျာထားချက် စာရင်းများအရ စုစုပေါင်းကုန်ကျစရိတ်မှာ ၈၉၄ ဒသမ ၄ သန်းကုန်ကျမည်ဖြစ်ပြီး မိုင်တိုင် ၃၄/၂-၃၅/၅ အတွင်း မြေသားလမ်းလုပ်ငန်း လုပ်ဆောင်မှုကိုလည်းကောင်း၊ မိုင်တိုင် ၃၂/၅-၃၅/၅ အတွင်းကျောက်ခင်းခြင်းကိုလည်းကောင်း၊ မိုင်တိုင် ၅/၀-၁၈/၀ အမာခံလမ်းခင်းခြင်း လုပ်ငန်းကိုလည်းကောင်း၊ မဲဇာချောင်းကူးတံတား တည်ဆောက်မှုအခြေအနေများကိုလည်းကောင်း သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ကလေးဝ-မော်လိုက် နေ့စဉ်ယာဉ်ပြေးဆွဲ၍ ရေကြောင်းမှ သွားလာသူနည်း

**ကလေး ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမှ မော်လိုက်မြို့သို့ နေ့ချင်းပြန်ကားများနှင့် လိုင်းကားများနေ့စဉ်ပြေးဆွဲမှုများကြောင့် ချင်းတွင်းမြစ်ကြောင်းမှ မော်လိုက်မြို့သို့



စက်လှေစီးသူ နည်းပါးလာကြောင်း သိရသည်။

"ရေကြောင်းကနေ သွားရတာ အချိန်ကြာတယ်ဗျ၊ ခြောက်နာရီလောက်သွားရတယ်။ ကားနဲ့ဆို နှစ်နာရီခွဲကျော်ကျော်ဆိုရောက်ပြီ၊ ဘာပဲဖြစ်ဖြစ် နေ့ချင်းပြန်သွားလို့ရတယ်၊ လမ်းကလည်းကောင်းပါတယ်၊ ဖုန်တွေ ဘာတွေတော့ မွှန်တာပေါ့၊ မျက်နှာကို ပဝါလေးအုပ်သွားရင် အဆင်ပြေပါတယ်"ဟု မော်လိုက်မြို့သွား ခရီးသည် ကိုမျိုးက ပြောသည်။

"ကလေးဝကနေ မော်လိုက်ကို လိုက်ထရပ်ကားလေးတွေ ပြေးဆွဲနေပါတယ်။ တချို့ကျတော့လည်း နေ့ချင်းပြန်ပြေးဆွဲကြတယ်။ တစ်ခါတလေလည်း ညအိပ်ပါတယ်။ ခရီးသည်ကတော့ ပုံမှန်မဟုတ်ပေမယ့် အနည်းဆုံး လူ ၁၀ ကျော်ရပြီး တစ်ဦးကို ကလေးဝကနေ မော်လိုက်ဆို ငွေကျပ် ၃၀၀၀ ယူပါတယ်"ဟု ကားဆရာတစ်ဦးက ပြောသည်။

ကလေးဝ-မော်လိုက် လမ်းသည် ၃၆ မိုင်ရှိပြီး ချင်းတွင်းမြစ်ကမ်းနံဘေးအတိုင်း ဖောက်လုပ်ထားမှုကြောင့် တံတားအသေး၊ အကြီးပေါင်း ၁၀၀ ကျော်ရှိကာ မိုးရာသီရောက်ပါက သွားလာရခက်ခဲမှုကြောင့် အသွားအလာမရှိသလောက်နည်းပါးကြောင်း သိရသည်။

**သျှင်နေမင်း**

# ဂန့်ဂေါမြို့နယ် အုံ့တုံးတောင်နှင့် ကျောက်ဂူတောင်အနီးဝန်းကျင်ကို ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာသွားမည်

**ဂန့်ဂေါ ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်းရှိ အထင်ကရနေရာများ ဖြစ်ကြသည့် အုံ့တုံးတောင်တောရဓမ္မရိပ်သာနှင့် ကျောက်ဂူတောရဓမ္မရိပ်သာတို့ အနီးဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို ထိန်းသိမ်းကာကွယ်နိုင်ရန် ယင်းနေရာဒေသများကို ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ် ကြေညာသွားမည်ဖြစ်ကြောင်း ဂန့်ဂေါမြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ယင်းနေရာဒေသများကို ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာနိုင်ရန် စီစစ်ဆောင်ရွက်မှုများပြုလုပ်နေပြီဖြစ်ပြီး အုံ့တုံးတောင် ကြိုးပြင်ကာကွယ်တောသည် ဧက ၅၂၀၀ နှင့် ကျောက်ဂူကြိုးပြင် ကာကွယ်တောသည် ဧက ၈၀၀၀ အကျယ်အဝန်းရှိမည် ဖြစ်ကြောင်း သိရသည်။

ယင်းနေရာ ဒေသများသည် အင်တိုင်းတော၊ ဝါးတောကြီးများအဖြစ် တည်ရှိနေဆဲဖြစ်ပြီး မျောက်၊ တောကြက်စသည့် တိရစ္ဆာန်ငယ်များ ကျင်လည်ကျက်စားလျက်ရှိကြသည်။

ဂန့်ဂေါမြို့နယ်သည် ၆၀၈၈၂၃ ဧက ကျယ်ဝန်းပြီး ကြိုးဝိုင်းတော ၂၆၈၂၉၆ ဧက၊ ကြိုးပြင်ကာကွယ်တော ၉၅၂၂၈ ဧက၊ စိုက်ပျိုးမြေ ၆၃၈၆၇ ဧက၊ မြေရိုင်း ၂၈၉၅ ဧကနှင့် အခြားမြေ ၁၇၈၅၃ ဧကရှိရာ သစ်တောဖုံးလွှမ်းမှု ဧရိယာသည် မြို့နယ်စုစုပေါင်းဧရိယာ၏ ၅၉ ဒသမ ၇၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

## သတင်းတိုများ

### သီပေါ၌ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးမည်

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ဦးဆောင်လှူဒါန်းမှုနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တပညာသီရိအရှင်သူမြတ်၏ကြီးကြပ်မှုဖြင့် (၂၂)ကြိမ်မြောက် မျက်စိဝေဒနာရှင်များကို ဇန်နဝါရီ ၁၈ ရက်မှ ၂၃ ရက်အထိ သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

ထို့အပြင် နယ်ဝေးကျေးလက်ဒေသများမှ လာရောက်ကုသကြသောဝေဒနာရှင်များကို ဆရာတော်အရှင်ပညာသီရိက အိမ်အရောက် ခရီးစရိတ်နှင့် ထမင်းဟင်းလျာများကို အလှူဒါနပြုလျက်ရှိရာ သဒ္ဓါကြည်လင်ပါရမီရှင်များ၏ လုပ်အား ဒါန၊ ငွေကြေးဒါန၊ ပညာဒါနများ ပါဝင်ကုသိုလ်ယူလှူဒါန်းလိုပါကသီတဂူဒါနဆေးရုံဖုန်း-၀၉-၅၀၇၀၄၄၂၊ ၀၉-၅၂၇၀၁၈၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

### မီးဘေးသင့်မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

ကချင်ပြည်နယ် ကန်ပက်တီမြို့နယ်အတွင်းရှိ စင်ကြိုင်ကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ဒီဇင်ဘာ ၂၉ ရက် ည ၁၁ နာရီခွဲခန့်က လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်ကျွမ်းခဲ့ရာ နေအိမ် ၈၀ မီးလောင်ဆုံးရှုံးခဲ့သည်။ မီးဘေးသင့်မိသားစုများ၏ ယာယီနေထိုင် စားသောက်မှုအဆင်ပြေစေရေးအတွက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာနှင့်အဖွဲ့က ကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ မိသားစုများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်ဟု သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

### အခမဲ့ကွင်းဆင်း ဆေးကုသပေး

မွန်ပြည်နယ် ကျိုက်မရောမြို့ တောင်ကလေးကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ယမန်နေ့ နံနက် ၈ နာရီက မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်၊ မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာမောင်မောင်ဇင်နှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သောအဖွဲ့သည် အခမဲ့ဆေးကုသမှုများပြုလုပ်ခဲ့ကြောင်း၊ ယင်းသို့ ပြုလုပ်ပေးရာတွင် တောင်ကလေးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရောဂါဝေဒနာရှင် ၁၀၈၃ ဦးတို့အား အခမဲ့ဆေးကုသခြင်းများ ပြုလုပ်ပေးခဲ့ပြီး ဆေးဝါးများ ဝေငှပေးခဲ့ကြောင်း သိရသည်။

**(လ/၀၁၂)**


**ရွှေရတုနှင့် ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း**

၁။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့၊ အခြေခံပညာအထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုနှင့် မြတ်ဆရာပူဇော်ပွဲကို ယခင်ကြေညာသည့်အတိုင်း ၁၁-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ထပ်မံအကြောင်းကြားအပ်ပါသည်။

၂။ ရန်ကုန်မြို့မှလိုက်ပါကြမည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားစခန်းသို့ ၁၀-၁-၂၀၁၅ ရက် (စနေနေ့) နံနက် ၈ နာရီအရောက် ကြွရောက်ပါရန် အကြောင်းကြားအပ်ပါသည်။

၃။ **ဆက်သွယ်ရန်**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်စန်းနွဲ့ | ထူးကြီး | ဖုန်း-၀၉-၄၂၂၄၈၈၃၀၅ |
| ၂။ | ဦးတင်ဝင်း | ။ | ဖုန်း-၀၉-၂၅၀၂၂၆၉၇၉ |
| ၃။ | ဦးမြင့်ထွန်း | ။ | ဖုန်း-၀၉-၄၉၇၆၈၈၈၀ |
| ၄။ | ဒေါ်သန်းဝင်း | ။ | ဖုန်း-၀၉-၅၁၁၀၅၃၈ |
| ၅။ | ဦးရွှေခိုင် | ရန်ကုန် | ဖုန်း-၀၉-၂၅၀၁၄၄၄၂၅ |
| ၆။ | ဒေါ်စန်းစန်းမော် | ။ | ဖုန်း-၀၉-၄၂၈၂၀၉၈၈၇ |
| ၇။ | ဦးရဲထွန်းဦး | ။ | ဖုန်း-၀၉-၄၂၀၁၅၄၂၂၅ |

**ကျင်းပရေးဦးစီးကော်မတီ၊ ထူးကြီးမြို့**



**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဝန်ထမ်းဟောင်းများ ၂၀၁၅ခုနှစ် နှစ်ပတ်လည်တွေ့ဆုံပွဲနှင့် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားခြင်း**

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းဟောင်းများ၏ (တတိယအကြိမ်)နှစ် ပတ်လည်တွေ့ဆုံပွဲနှင့် သက်ကြီးပူဇော်ပွဲကို ၁၁-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ၌ ဓမ္မာစကြာရိပ်သာကျောင်း (MICASA)ဟိုတယ်အနီး၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ပါ၍ ဝန်ထမ်းဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (မပျက်မကွက်)ကြွရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အသက်(၇၅)နှစ် ဝန်ထမ်းဟောင်းများအား သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းနိုင်ပါသည်။

**ဦးသက်နိုင်ဦး ဖုန်း-၀၉-၄၂၀၇၀၄၅၅၃၊ ဦးဝင်းမြင့် ဖုန်း-၀၉-၄၉၂၀၇၄၇၃၊ ဦးဇော်သိန်းမြင့် ဖုန်း-၀၉-၂၅၀၀၂၆၅၁၉၊ ဦးစံဝင်း ဖုန်း-၀၉-၂၅၀၀၈၇၉၃၉**



**မဟာစန်းလဘုရင်ဘုရား(စကျင်ရုပ်ပွား) မန္တလေးမှ ရန်ကုန် ဗောဓိရိပ်ငြိမ်တောရ(မှော်ဘီ)သို့ ပင့်ဆောင်မည့်အစီအစဉ်**

| | |
|---|---|
| ၉-၁-၂၀၁၅ ရက် | မန္တလေးမှ နေပြည်တော် |
| ၁၀-၁-၂၀၁၅ ရက် | နေပြည်တော် |
| ၁၁-၁-၂၀၁၅ ရက် | နေပြည်တော် |
| ၁၂-၁-၂၀၁၅ ရက် | နေပြည်တော် |
| ၁၃-၁-၂၀၁၅ ရက် | နေပြည်တော်မှ ရန်ကုန် |
| ၁၄-၁-၂၀၁၅ ရက် | ရွှေတိဂုံစေတီတော်မြတ်ကြီး |
| ၁၅-၁-၂၀၁၅ ရက် | ရွှေတိဂုံစေတီတော်မြတ်ကြီး |
| ၁၆-၁-၂၀၁၅ ရက် | မှော်ဘီ၊ တပ်ကြီးကုန်း |
| ၁၇-၁-၂၀၁၅ ရက် | မှော်ဘီ၊ တပ်ကြီးကုန်း |
| ၁၈-၁-၂၀၁၅ ရက် | မှော်ဘီ၊ တပ်ကြီးကုန်းမှ ဗောဓိရိပ်ငြိမ်တောရသို့ ပင့်ဆောင်မည်။ |

မှော်ဘီ၊ တပ်ကြီးကုန်းမှ ဗောဓိရိပ်ငြိမ်တောရသို့ ၁၈-၁-၂၀၁၅ရက် နံနက် ၈နာရီတွင် ပင့်ဆောင်ပူဇော်ပါမည်။

မဟာစန်းလဘုရင်ဘုရား ပင့်ဆောင်ပူဇော်ပွဲသို့ ရပ်နီးရပ်ဝေး ဒါယကာ ဒါယိကာမများ လာရောက်ပူဇော်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဗောဓိရိပ်ငြိမ်တောရ**
**မှော်ဘီ**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/7113 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**



**ကန့်ကွက်နိုင်ပါကြောင်း**

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၁၊ မြေကွက်အမှတ် (၇အီး/၆-၁)၊ ၀ ဒသမ ၁၈၉ ဧကအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (၁၀'×၁၆၃')၊ Portion မြေကွက်တည်နေရာအမှတ်၃၃၊ သီရိမင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ် မြေပိုင်မြေအမည်ပေါက် ဗိုလ်လှဖေ၊ မသန်းတင် မြေအား မြေကွက်သက်သက်အပြီးအပိုင်အရောင်းအဝယ်စာချုပ် ၁၃၈၅/၁၁-၆-၉၆ ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်ထားကြည် ၁၂/ကမရ(နိုင်)၀၃၄၅၇၇၈က ၄င်းအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မှတ်ပုံတင်စာချုပ်ကိုတင်ပြ၍ တစ်ဖက်သတ် မြေကွက်ခွဲစိတ်ရန်နှင့် မြေတိုင်းတာရန်အတွက် မြေကွက်ခွဲမြေပုံနှင့်မြေတိုင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဆောင်းပါးနှင့်ကြော်ငြာ

# ဗုဒ္ဓဘာသာတရားတော်အရ လူ့ဘဝပြဿနာဖြစ်ပေါ်ခြင်း အကြောင်းရင်းများနှင့် ဖြေရှင်းရန် နည်းလမ်းများရှိနှင့်ပြီးသား

**အီရန်နိုင်ငံ Teheran မြို့၌ Interreligious Dialogue ဘာသာရေးဆိုင်ရာ အပြန်အလှန်နီးနှောဖလှယ်ပွဲသို့တက်ရောက်ရန် အီရန်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဌာနခွဲ၏ ဖိတ်ကြားမှုကြောင့် မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၊ ဗုဒ္ဓဘာသာခေါင်းဆောင်များ တင်ရောက်ခဲ့ကြပြီး အစ္စလာမ်ဘာသာဝင်နှင့် ဗုဒ္ဓဘာသာဝင်တို့အကြား အထင်အမြင်လွဲမှားမှုများကို ပယ်ဖျောက်ရန် အမြင်ချင်းဖလှယ်ခဲ့ရာတွင် သီတဂူဆရာတော်ကြီး၏ အခမ်းအနားမိန့်ခွန်းအားဖော်ပြပေးလိုက်ပါသည်–**

**သီတဂူဆရာတော် အရှင်ဉာဏိဿရ**

မြတ်ဗုဒ္ဓ၏ ဒေသနာတော်မှာ မိန့်ဆိုတော်မူချက်တစ်ခု ရှိပါတယ်။ "မပြတ်မပြတ်စည်းဝေးတိုင်ပင်ခြင်းသည် ချစ်ခင်ရင်းနှီးခြင်းကို ဖြစ်ပွားစေတယ်၊ အချင်းချင်း မိတ်ဆွေဖွဲ့ခွင့်ကိုရစေတယ်၊ အသိဉာဏ်ကိုလည်း တိုးပွားစေတယ်၊ မပြတ်မပြတ် တွေ့ဆုံဆွေးနွေးခြင်းသည် အကျိုးစီးပွားတိုးပွားဖို့သာ ဖြစ်နိုင်တယ်၊ ဆုတ်ယုတ်ဖို့ မဖြစ်နိုင်ဘူး" လို့ မိန့်ကြားတော်မူလေ့ရှိပါတယ်။

မြန်မာနိုင်ငံအတွင်းက သတင်းများကို အီရန်ခေါင်းဆောင်တွေက မီဒီယာများမှတစ်ဆင့်ကြားပြီး အထင်လွဲမှားမှုတွေ ရှိနေပါလိမ့်မယ်။ အီရန်နိုင်ငံအကြောင်းကို မြန်မာတို့ကလည်း မီဒီယာများမှတစ်ဆင့် အဝေးကနေ စိုးရိမ်ပူပန်နေကြပါတယ်။ ဒီကနေ့ ဘုန်းကြီးတို့တစ်တွေ ရောက်လာတော့ ချစ်ကြည်ရင်းနှီးခွင့်၊ တွေ့ဆုံဆွေးနွေးခွင့်၊ တိုက်ရိုက်မေးမြန်းဆွေးနွေးခွင့်၊ အမြင်ဖလှယ်ခွင့်များ ရကြပြီဖြစ်တဲ့အတွက်ကြောင့် တစ်ဆင့်ကြား အမြင်များတွေဟာ ကွယ်ပျောက်သွားကြလိမ့်မယ်လို့ယုံကြည်ပြီး ဘာသာကြီး နှစ်ခုတို့ရဲ့အကြား ညီညွတ်ရေးနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတို့ကို တည်ဆောက်နိုင်လိမ့်မယ်။

**လူကြီးမင်းအပေါင်းတို့–**

ဒီကနေ့ကမ္ဘာကြီးရဲ့ နေရာတိုင်းလိုလိုမှာ ဝမ်းနည်းဖွယ်ရာ၊ ကြေကွဲဖွယ်ရာ အဖြစ်အပျက်များ၊ ဆူပူလှုပ်ရှားမှုများ၊ ပဋိပက္ခများနဲ့ ရင်ဆိုင်နေရတယ်ဆိုတာကို အားလုံးသတိပြုမိပါလိမ့်မယ်။ စိတ်မချမ်းမြေ့ဖွယ်ရာကောင်းတဲ့ ကမ္ဘာကြီးမှာ ကျွန်ုပ်တို့ဘာသာရေး ခေါင်းဆောင်တွေ ထိုပြဿနာအားလုံး၏ အဖြေကို ရှာဖွေဖို့လိုပါတယ်။ ပြဿနာရဲ့ အကြောင်းအရင်းကို ရှာဖွေနိုင်မှ အဖြေမှန်ကိုရကြမှာဖြစ်ပါတယ်။ အဲဒါ သစ္စာတရားပါပဲ။ ဒါကြောင့် အရေးတကြီးလိုအပ်တာက လူသားထုတစ်ရပ်လုံးရဲ့ ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ တည်ငြိမ်ရေးတို့ကို အရေးတကြီး ဝိုင်းဝန်းတည်ဆောက်ကြဖို့ ဖြစ်ပါတယ်။

ဒီနေ့ကမ္ဘာ့မျက်မှောက် အခြေအနေမှာ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး ခေါင်းဆောင်အားလုံးတို့ဟာ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီအခြေအနေမှာ ကျွန်ုပ်တို့ဘာသာရေး ခေါင်းဆောင်များအပိုင်းက သက်ဆိုင်ရာဘာသာတရားအသီးသီးရဲ့ မွန်မြတ်တဲ့ အဆုံးအမတွေကို လူသားများအား သင်ကြားပို့ချပေးခြင်းဖြင့် လူသားတို့၏ စိုးရိမ်ပူပန်ခြင်း၊ တင်းမာခြင်းနှင့် ပဋိပက္ခများကို လျှော့ချပေးဖို့ရာ တာဝန်ရှိပါတယ်။

ဘာသာတရားတိုင်းဟာ သက်ဆိုင်ရာ ဘာသာတရားအသီးသီးကို လိုက်နာကိုးကွယ်ကြသူတိုင်းအား ကိုယ်ကျင့်သီလကောင်းဖို့၊ စိတ်ရိုင်းများကို ထိန်းချုပ်ဖို့၊ စိတ်ကောင်းများကို ပြုစုပျိုးထောင်ဖို့၊ စိတ်ဓာတ်ကို ဖြူစင်အောင် အားထုတ်ဖို့ တညီတညွတ်တည်း သင်ကြားဆုံးမကြတယ်လို့ ကျွန်ုပ်ယုံကြည်ပါတယ်။

ခရစ်ယာန် သမ္မာကျမ်းစာကပဲဖြစ်ဖြစ်၊ အစ္စလာမ်ကိုရမ်ကျမ်းကပဲဖြစ်ဖြစ်၊ ဟိန္ဒူဝေဒကျမ်းကပဲဖြစ်ဖြစ်၊ ဗုဒ္ဓဘာသာပိဋကကျမ်းကပဲဖြစ်ဖြစ် အားလုံးသော ဘာသာရေးကျမ်းစာများဟာ ရန်ငြိုးဖြေဖို့၊ ဒေါသကိုထိန်းချုပ်ဖို့၊ ငြိမ်းချမ်းရေးနဲ့ ညီညွတ်ရေးကို တည်ဆောက်ဖို့ချည်း ဟောပြောတောင်းဆိုနေတာဖြစ်ပါတယ်။

မဟာဝီရဇိန၊ ဂျေးဆပ်ခရိုက်၊ တမန်တော်မိုဟာမက်၊ သိဒ္ဓတ္ထဂေါတမဗုဒ္ဓ၊ ကွန်ဖြူးရှပ်ဆိုတဲ့ ဘာသာရေးတည်ထောင်သူ ပုဂ္ဂိုလ်ကြီးများအားလုံး တညီတညွတ်တည်း ဟောတော်မူကြတာက ခန္တီ၊ မေတ္တာ၊ ကရုဏာ၊ ဝိဇ္ဇာနဲ့ စရဏဆိုတဲ့တရားတွေ ဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်ုပ်တို့ နေထိုင်ရာ ဤကမ္ဘာမှာ မကြာခဏဆိုသလို အမျိုးဇာတ် ခွဲခြားမှုပဋိပက္ခ၊ အသားအရောင်ခွဲခြားမှု၊ ဘာသာရေး အစွန်းရောက်မှု ပဋိပက္ခ၊ နိုင်ငံရေးအစွန်းရောက်မှု ပဋိပက္ခတွေရဲ့အောက်မှာ ကျွန်ုပ်တို့တစ်တွေဟာ ရိုက်ပုတ်မောင်းနှင်ခြင်းကို ခံရပါတယ်။ ရံဖန် ရံခါမှာ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး တစ်ခုခုကိုအကြောင်းပြုပြီး ရက်စက်ကြမ်းကြုတ်တဲ့ စစ်ပွဲကြီးတွေတောင် တိုက်ခိုက်တဲ့အထိ ဖြစ်ခဲ့ရပါတယ်။

ရေပြည့်နေသော ရေမျက်နှာပြင်ပေါ်၌ အပေါ်ယံ ဖုံးလွှမ်းနေသော ရေညှိရေမှော်များကိုသာ ရှုမြင်သောသူသည် ရေကြည်ရေအေးကို မသောက်ရသကဲ့သို့ဖြစ်ပါတယ်။ ဘာသာရေး အကာကိုသာ ကြည့်တတ်တဲ့ အပေါ်ယံသမား (superficial viewer) တို့မှာ ဘာသာတရားတိုင်းက ဆုံးမသော သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ သနားကြင်နာခြင်း၊ မိမိကိုယ်ကို စိစစ်ခြင်း၊ နားလည်ခြင်း အစရှိတဲ့ Inner core အတွင်းပိုင်း အနှစ်သာရတွေ ကင်းမဲ့နေကြပြီ ဖြစ်ပါတယ်။

ပုဂ္ဂိုလ်တစ်ယောက်ချင်းရဲ့ နှလုံးသားမှာ ငြိမ်းချမ်းမှုမရှိရင် အပြင်လောကကြီးကို ငြိမ်းချမ်းရေး ဝေငှပေးနိုင်မှာ မဟုတ်ပါဘူး။ ဆူပူသောင်းကျန်းခြင်းနဲ့ ငြိမ်းချမ်းခြင်းတို့မှာလည်း အတူယှဉ်တွဲ ရှိနိုင်ကြမှာမဟုတ်ပါဘူး။ ကိုယ်တွင်းငြိမ်းချမ်းရေးရဖို့ရန် တစ်ခုတည်းသော နည်းလမ်းကတော့ ဝိပဿနာကမ္မဋ္ဌာန်း Insight meditation ပဲ ဖြစ်ပါတယ်။ ဝိပဿနာကမ္မဋ္ဌာန်းတရားဟာ အမျိုးဇာတ်နဲ့ဆိုင်သော ကျင့်စဉ်မျိုးမဟုတ်ပါ။ လူမျိုးစွဲ၊ ဇာတ်စွဲ၊ ဘာသာစွဲအားလုံးမှလွတ်သော သိပ္ပံနည်းကျကျ၊ အဘိဓမ္မာနည်းကျကျ မိမိကိုယ်ကို လေ့လာသုံးသပ်သောနည်းစနစ် the technique of self-observation နဲ့ မိမိ၏ အတွင်းသန္တာန်မှာရှိသော သစ္စာတရားကို မျက်မှောက်ပြုခြင်း self-realization ဖြစ်ပါတယ်။

ဒါကြောင့် အားလုံးသော အစ္စလာမ်ဘာသာဝင်တွေ၊ အားလုံးသော ခရစ်ယာန်ဘာသာဝင်တွေ၊ အားလုံးသော ဟိန္ဒူဘာသာဝင်တွေ၊ အားလုံးသော ဗုဒ္ဓဘာသာဝင်တွေ မည်သည့်ဘာသာဝင်မဆို self-observation ဆိုတဲ့ Insight meditation ကို အားထုတ်ကြည့်ကြပါ။ Inner core (သို့မဟုတ်) Inner peace ဆိုတဲ့ ကိုယ်တွင်းသန္တာန်မှာရှိသော သစ္စာတရားနဲ့ ငြိမ်းချမ်းရေးကို ဤဘဝမှာပင် လက်တွေ့ ရရှိခံစားနိုင်ကြမှာ ဖြစ်ပါတယ်။

Insight meditation ကို အားထုတ်ကြည့်ရင် စိတ်နှင့်ကိုယ် (Mind & Body) နာမ်နဲ့ရုပ်တို့ အပြန်အလှန်မှီတွယ် အလုပ်လုပ်နေတာကို မျက်ဝါးထင်ထင် တွေ့မြင်ရမှာ ဖြစ်ပါတယ်။ လောဘ၊ ဒေါသ၊ မောဟ၊ 




တဏှာ၊ မာနဆိုတဲ့ ယုတ်မာတဲ့ စိတ်တွေ အရှိန်အဟုန် မြင့်တက်လာတဲ့အခါ ထိုစိတ်ညံ့တွေရဲ့ သောင်းကျန်းမှုများက ဆင်းရဲပင်ပန်းသော ခံစားမှုမျိုးစုံတို့ကို ကိုယ်တွင်းမှာ ဖြစ်စေလိမ့်မယ်။အကယ်၍ ခန္တီ၊ ကရုဏာ၊ မုဒိတာ၊ ပညာဆိုတဲ့ positive state ယဉ်ကျေးသော စိတ်စေတသိက်တွေ အရှိန်အဟုန်မြင့်တက်လာတဲ့ အခါမှာတော့ နှစ်သက်မြတ်နိုးဖွယ်ကောင်းတဲ့ ငြိမ်းချမ်းတဲ့ အရာတွေ ကိုယ်တွင်းစိမ့်ဝင်ပျံ့နှံ့နေတာကို တွေ့ရမှာဖြစ်ပါတယ်။

လူ့စိတ်ဟာ ဆန်းကြယ်ပါတယ်။ ခဏတိုင်း ခဏတိုင်းမှာ ချစ်ခြင်း၊ မုန်းခြင်း၊ သနားကြင်နာခြင်း (သို့မဟုတ်) ရက်စက်ကြမ်းကြုတ်ခြင်း၊ ဝမ်းမြောက်ခြင်း (သို့မဟုတ်) မနာလိုခြင်း၊ လိုက်လျောညီထွေရှိခြင်း (သို့မဟုတ်) ဆန့်ကျင်ဘက်ပြုခြင်း၊ နှစ်သက်ဖွယ်ကောင်းခြင်း (သို့မဟုတ်) စိတ်ပျက်ဖွယ်ကောင်းခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း (သို့မဟုတ်) သူတစ်ပါး အများအကျိုးစီးပွားလိုလားခြင်း အစရှိသည်တို့ကို ထုတ်လုပ်ဖန်တီးနေပါတယ်။

ဒ့ါကြောင့် စိတ်စေတသိက်အားလုံးတို့၏ အပေါ်မှာ နှစ်မြို့ဖွယ်ကောင်းသော ခံစားမှုများ၊ မနှစ်မြို့ဖွယ်ကောင်းသော ခံစားမှုများဆိုတဲ့ ရေစီးကြောင်းနှစ်ခုဟာ အစဉ်သဖြင့် စီးဆင်းနေပြီးတော့ မြစ်တွေမှာ ရေလျှံသလို ဖြစ်နေပါတယ်။ ဝိပဿနာကမ္မဋ္ဌာန်းဟာ မြစ်ရေစီးသလို စီးနေတဲ့ ရုပ်တို့ရဲ့လှုပ်ရှားမှု အစဉ်အတန်းကြီး (ကာယကံ)၊ နှုတ်တို့ရဲ့ လှုပ်ရှားမှု အစဉ်အတန်းကြီး (ဝစီကံ)၊ စိတ်တို့ရဲ့ လှုပ်ရှားမှု အစဉ်အတန်းကြီး (မနောကံ)တို့သည် အကောင်းအဆိုး၊ နှစ်သက်ဖွယ်၊ စက်ဆုပ်ဖွယ်စသဖြင့် ရှာဖွေဖော်ထုတ်တဲ့ နည်းစနစ်တစ်ခု ဖြစ်ပါတယ်။

ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ခြင်းကြောင့် ကျွန်ုပ်တို့တစ်တွေဟာ အစွန်းရောက်နေတဲ့ စိတ်ဓာတ်တွေကို ဟန်ချက်ညီအောင် ထိန်းနိုင်ကြမှာဖြစ်ပါတယ်။ ပြင်ပအာရုံတွေကြောင့် ယိမ်းယိုင်နေတဲ့စိတ်ကို ထိန်းနိုင်မှာဖြစ်ပါတယ်။ ကိလေသာတွေကြောင့် ကျန်းမာရေးချို့တဲ့နေတဲ့ စိတ်ကို ကျန်းမာအောင် ပြုပြင်နိုင်မှာဖြစ်ပါတယ်။ ကိလေသာရောဂါတွေကို ဖယ်ရှားတဲ့နေရာမှာ ဝိပဿနာဆေးဟာ အကောင်းဆုံးပါပဲ။ အစွန်းရောက်စိတ်ဓာတ်တွေကို ဟန်ချက်ညီအောင်ထိန်းတဲ့ နေရာမှာ ဝိပဿနာဟာ အစွမ်းထက်ပါတယ်။ ဟန်ချက်ညီတဲ့ စိတ်ဟာ ဟန်ချက်မညီတဲ့ ကမ္ဘာကြီးကို ညှိပေးပါတယ်။ တည်ငြိမ်တဲ့စိတ်ဓာတ်ဟာ မတည်ငြိမ်တဲ့ ကမ္ဘာကို တည်ငြိမ်စေပါလိမ့်မယ်။ ငြိမ်းချမ်းတဲ့ စိတ်ဓာတ်ဟာ ဆူပူတဲ့ကမ္ဘာကြီးကို ငြိမ်းချမ်းစေပါလိမ့်မယ်။

**(သီတဂူဆရာတော်၏ မိန့်ခွန်းအား ဆက်လက်ဖော်ပြပါမည်။)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မြိုင်မြို့နယ်တရားမရုံး၌**

**၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၂၈**

မစန်းကြိုင်(ခ)မကြိုင် **နှင့်** မောင်ဖိုးဝင်း

**တရားလို** **တရားပြိုင်**

မှော်ဘီမြို့နယ်၊ မြောက်ချောကုန်း(ခ)ရွာသာယာကျေးရွာနေ မောင်ဖိုးဝင်း သိစေရမည်။

သင့်အပေါ်၌ မစန်းကြိုင်(ခ)မကြိုင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၃ရက် မွန်းမတည့်မီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်ဝင်းနိုင်**
**မြို့နယ်တရားသူကြီး**
**မြိုင်မြို့နယ်တရားရုံး**

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားမရုံးတော်၌**

**၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၂၄၃**

**ကွယ်လွန်သူ ဦးအမ်အေဟာမစ်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။**

အမှတ် ၂၂၁/၂၂၃၊ မြေညီထပ် အပေါ်လွှာ(ဝဲ/ယာ)၊ ဗိုလ်အောင်ကျော်လမ်း၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအမ်အေဟာမစ်၏ကျန်ရှိရစ်သောပစ္စည်းအပေါ်၌အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် (၁) ဒေါ်မို့မို့အောင်၊ (၂) ဒေါ်မီမီအောင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၃ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၄ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအမ်အေဟာမစ်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိခဲ့လျှင်ဆိုခဲ့သော ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၃ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၄ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော (၁) ဒေါ်မို့မို့အောင်၊ (၂) ဒေါ်မီမီအောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးမြင့်အေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သရဖီလမ်း၊ တိုက်အမှတ်(၄၃)၊ နှစ်ခန်းတွဲ၊ လေးထပ်တိုက်၊ အကျယ်(၁၇½'×၄၇')စီရှိ ခြေရင်းဘက်ခြမ်း (မြေညီထပ်+ပထမထပ်)၊ တိုက်ခန်းနှစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမောင်အေး (BTHG-၀၁၁၀၃၅)မှ မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်းကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကောင်းမြတ်ဇော်** **ဦးသန်းဦး**
**အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅)** **အထက်တန်းရှေ့နေ (စဉ်-၃၂၃၃၅)**
**အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

သန်လျင်မြို့နယ်၊ ကရင်ဆိပ်စံပြကျေးရွာ၊ ကွင်းအမှတ်(၆၉၅)၊ ဦးပိုင်အမှတ်(၅၆)၊ ဧရိယာ ဝ.ဒသမ ၂၀ ဦးအောင်ပွင့်အမည်ပေါက် မြေအကျယ်အလျားပေ(၁၀၀)၊ အနံပေ(၈၀)ခန့်ရှိ ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ရှင် ဒေါ်ဝင်းကြည် SRM-046542ထံမှ အပြီးအပိုင်ဝယ်ယူရန် ငွေများပေးချေထားပြီးဖြစ်၍ ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ အကျိုးသက်ဆိုင်သူများမှ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာရီ**
**၁၂/သလန(နိုင်)၀၀၄၃၃၂**
**အမှတ်(၉)၊ သန့်ဇင်လမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၀-၁၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂)ကန့်ကွက်ကြော်ငြာ ကမာရွတ်မြို့နယ် GP.ဒေါ်သန်းသန်းကြည်၏ မြေပုံကူးတွင် ပိုင်ဆိုင်စာချုပ်ရန်အစား ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန်ဟု ဖတ်ရှုပါရန်။

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရွေးကောက်ခံ ကိုယ်စားလှယ် ၁၁၅ ဦး စတင်တာဝန်ထမ်းဆောင်

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်မြို့တော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့တော်ကြီးဖြစ်လာစေရန် ရည်ရွယ်လျက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲများကို ဒီဇင်ဘာလကုန်ပိုင်းကကျင်းပခဲ့ရာ ရွေးကောက်ခံကိုယ်စားလှယ်များအနေဖြင့် ဇန်နဝါရီ ၆ ရက်မှစတင်ကာ တာဝန်များ စတင်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီရွေးကောက်ပွဲကော်မရှင်ရုံးမှ ဌာနခွဲမှူး ဦးဇင်မင်းလှိုင်က ပြောသည်။ "ဒီမနက်ကပဲ ကော်မတီဝင်တွေ ကတိသစ္စာဆိုကြပါတယ်"ဟု ၄င်းက ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲများကို ဒီဇင်ဘာ ၂၇ ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ မြို့နယ်အသီးသီး၌ ကျင်းပခဲ့ရာ ဝင်ရောက်အရွေးခံသူ ၂၉၃ ဦးအနက်မှ ဗဟိုအဆင့်ကော်မတီဝင် လေးဦး၊ ခရိုင်အဆင့် ၁၂ ဦးနှင့် မြို့နယ်အဆင့် ၉၉ ဦး စုစုပေါင်း ၁၁၅ ဦးတို့အား ပြည်သူများက ဆန္ဒမဲပေးရွေးချယ်ပေးခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ ရွေးချယ်ရာတွင် မြို့နယ်အဆင့်တွင် ရပ်မိရပ်ဖဥက္ကဋ္ဌ၊ တတ်သိပညာရှင်အဖွဲ့ဝင်နှင့် လူမှုအဖွဲ့အစည်းအဖွဲ့ဝင်ဟူ၍ သုံးဦးစီရွေးချယ်ပေးရခြင်းဖြစ်သည်။ ထို့အတူ ခရိုင်အဆင့်တွင်လည်း ရပ်မိရပ်ဖဥက္ကဋ္ဌ၊ တတ်သိပညာရှင်အဖွဲ့ဝင်နှင့် လူမှုအဖွဲ့အစည်းအဖွဲ့ဝင်ဟူ၍ သုံးဦးစီရွေးချယ်ပေးခဲ့ရခြင်းဖြစ်သည်။ သို့ရာတွင် ဗဟိုအဆင့်ကော်မတီဝင်ကိုမူ ခရိုင်တစ်ခု တစ်ဦးနှုန်းဖြင့် လေးခရိုင်အတွက် လေးဦးသာရွေးချယ်ပေးခဲ့ရခြင်း ဖြစ်သည်။ မြို့နယ် ရပ်ကွက်မဲရုံများ၌ အဆိုပါ ခုနစ်ဦးအား ဆန္ဒမဲပေးရွေးချယ်ပေးခဲ့ရခြင်းဖြစ်သည်။

မြို့နယ်အဆင့်ရွေးကောက်တင်မြှောက်ခံရသူ ရပ်မိရပ်ဖများသည် မြို့နယ်စည်ပင်သာယာဥက္ကဋ္ဌဖြစ်လာပြီး လက်ရှိစည်ပင်အုပ်ချုပ်ရေးမှူးသည် အတွင်းရေးမှူးဖြစ်လာမည်ဖြစ်သည်။ တတ်သိပညာရှင်နှင့် လူမှုအဖွဲ့အစည်းဝင်တို့သည် အဖွဲ့ဝင်များဖြစ်လာကြကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ပေးသူတစ်ဦးသည် ဒုတိယဥက္ကဋ္ဌဖြစ်လာမည်ဖြစ်သည်။ အဆိုပါ ငါးဦးစီဖြင့် မြို့နယ်အလိုက် ကော်မတီများဖွဲ့စည်းကာ တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

ခရိုင်အဆင့်တွင်လည်း အလားတူဖွဲ့စည်းပုံဖြင့် ကော်မတီများ ဖွဲ့စည်းတာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။ သို့ရာတွင် ဗဟိုအဆင့်ကော်မတီဝင် အဆင့်တွင် ရွေးကောက်ခံကော်မတီဝင်လေးဦးနှင့် လက်ရှိရန်ကုန်မြို့တော် စည်ပင်တာဝန်ရှိသူ ငါးဦးတို့ ပူးပေါင်းကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

**ကြံတိုင်းအောင်**

# ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲ ဆုချီးမြှင့်

**သံတွဲ ဇန်နဝါရီ ၇**



(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲဆုပေးပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက သံတွဲမြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကြည်က အမှာစကားပြောကြားပြီး ဒုတိယခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်ခင်နိုင်ထွန်းက ကလေးပြိုင်ပွဲနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရသည့် ပထမ၊ ဒုတိယနှင့် တတိယဆုများနှင့် အမြွာဆု၊ စံပြမိခင်ဆုများကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌကလည်းကောင်း၊ ဒုတိယခရိုင်ကျန်းမာရေးဦးစီးမှူး သားဖွားနှင့်မီးယပ် အထူးကုဆရာဝန် ဒေါက်တာမြတ်လေးနှင့် တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဖျာပုံလူမှုဝန်ထမ်း မူလတန်းကြိုကျောင်း ကာယစွမ်းရည်ပြိုင်

**ဖျာပုံ ဇန်နဝါရီ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ဖျာပုံမူလတန်းကြိုကျောင်း၏ ကျောင်းတွင်း ကာယစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်တွင် ဖျာပုံမီးသတ်အားကစားကွင်း၌ ကျင်းပသည်။

မူလတန်းကြိုကျောင်းသား ကျောင်းသူ ၁၀၀ က အပြေး၊ ခေါင်းအုံးရွက်၊ ဦးထုပ်ဆောင်း၊ အာလူးကောက် စသည့် အားကစားနည်းများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် ပြိုင်ပွဲဝင်အားလုံးကို နှစ်သိမ့်ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဖျာပုံမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ မူလတန်းကြိုကျောင်းသည် ၂၀၁၄ ဇွန်လမှစ၍ မူကြိုအရွယ် ကလေးငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ခံစားမှု စသည့် အခြေခံကောင်းများ၊ အသက်အရွယ်အလိုက် မှန်ကန်စွာ ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် ကိုယ်ကာယကျန်းမာ ဖွံ့ဖြိုးခြင်းနှင့်စိတ်၏ ချမ်းမြေ့ပျော်ရွှင်ခြင်းတို့ ပြည့်စုံစေရန် ရည်ရွယ်ပြီး ဆရာမများက စနစ်တကျ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ဆက်သွယ်လိုပါက ကျောင်းအုပ်ကြီး ဒေါ်အေးအေးခိုင် ဖုန်း-၀၉-၂၅ ၄၅၉ ၂၉၅၆သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သူစာနွယ်(ဖျာပုံ)**

# ကလေးမြို့သစ်စီမံကိန်း မြစ်သာမြစ်အရှေ့ဘက်ကမ်း၌ဆောင်ရွက်မည်

**ကလေး ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လူဦးရေတိုးပွားမှုနှင့် အိမ်ရာမဲ့ပုဂ္ဂိုလ်များအတွက် နေထိုင်စရာနေရာရရှိရေးအတွက် မြို့သစ်စီမံကိန်းကို တောင်သူများ အခက်မကြုံရစေရေး လယ်ယာမြေနည်းပါးသော မြစ်သာမြစ်အရှေ့ဘက်ကမ်း၌ဆောင်ရွက်နိုင်ရေးတင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

"အခြားဒေသတွေထက် ဖွံ့ဖြိုးမှုနောက်ကျတဲ့ မြစ်အရှေ့ဘက်ကမ်းက ရွာတွေ မြို့သစ်စီမံကိန်းကြောင့် ဖွံ့ဖြိုးမှုအားကောင်းလာမယ့် ကလေးဝမြို့နှင့် မင်းကင်းမြို့များကိုလည်း တစ်ဆက်တည်းသွားနိုင်ဖို့ ယာကြီးလမ်းဘက် လမ်းဖောက်ပြီး ဆောင်ရွက်မယ်။ ကလေးမြို့ဘက်ကိုလည်း တံတားထိုးလိုက်မယ်ဆို မြို့သစ်စီမံကိန်းက အဆင်ပြေနိုင်ပါတယ် "ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောသည်။

ကလေးမြို့တောင်ပိုင်း ဥယျာဉ်၊ အူဒူ၊ ကင်မွန်းခြုံကျေးရွာများမှနေ၍ မြစ်သာမြစ်ကိုဖြတ်ကာ တံတားတစ်စင်းထိုးပေးလိုက်ပြီး မြစ်သာမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာ ၂၂ ရွာ ဖွံ့ဖြိုးတိုးတက်စေရေး မြို့သစ်စီမံကိန်းတည်ကာ မုံရွာ-ကလေး ရထားလမ်းအကောင်အထည်ပေါ်လာပါက ကလေးမြို့နယ် ဖွံ့ဖြိုးမှုသည် ညီမျှလာမည်ဖြစ်ကြောင်း သိရသည်။

**သျှင်နေမင်း**

MCC GROUP
Microsoft
LEOTECH
MIG

မြန်မာနိုင်ငံ၏ ပထမဦးဆုံး App: Camp

App: Camp
2015

"How to build a billion dollar App:"

10 January 2015 : 9:00 am - 5:00 pm (MICT Park, Conference Hall, Yangon)
11 January 2015 : 9:00 am - 5:00 pm (MCC.i, Yatanarpon Super Center, Mandalay)

Register - www.facebook.com/appcampmyanmar

Contact Hot Line - 246634, 2304156
E-mail - info@mccsolution.com

iOS, Android, & Windows Phone Apps Welcome!

စိတ်ပါဝင်စားသော ကျောင်းသားကျောင်းသူ
လူငယ်လူရွယ်များအားလုံး
မည်သူမဆို စာရင်းသွင်းတက်ရောက်နိုင်ပါသည်။

NEXT | App: Competition
20 February 2015 (Yatanarpon Cyber City)
More information
www.facebook.com/appcompetitionmyanmar

App: Camp တက်ရောက်ရင်းဖြင့် အောက်ပါ သင်တန်းများတွင် Discount 25% ရရှိနိုင်ပါသည်။
- B.Sc (Hons) Business IT, University of Greenwich, UK (January Intake)
- Microsoft Skills Certification Training Programs

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ

## လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ပဲခူးခရိုင်တရားမရုံး၌
၂၀၁၅ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁

ကွယ်လွန်သူ ဒေါ်ကြည်တင်၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။
ဒေါ်ခင်ဝင်းမော် **လျှောက်သူ**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်နိုင်ရပ်ကွက်နေ၊ ဒေါ်ခင်ဝင်းမော်က ကွယ်လွန်သူ ဒေါ်ကြည်တင်၏သမီးဖြစ်သည်ဟူ၍ ပြည်တော်သာ ၃ လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့နေ ၄င်းကွယ်လွန်သူ ဒေါ်ကြည်တင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဒေါ်ကြည်တင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၃ ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၄ ရက်)တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဒေါ်ခင်ဝင်းမော်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အုန်းမြင့်)
ခရိုင်တရားသူကြီး
ပဲခူးခရိုင်တရားရုံး

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ အထက ညောင်ကိုင်း တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးဇော်နှင့် သတ္တမတန်းမှ မနှင်းယုဇွန်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်ဦး ၅/ကလန(နိုင်)၀၄၁၉၉၉ ဖြစ်ပါကြောင်း။

**ဦးဇော်နိုင်ဦး**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးဂျပန်(ခ)ဦးထွန်းမြင့်၏ အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၉/၄၇)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အိမ်အမှတ် ၅၁၅(ခ) ခေ(၂၀)ပေ(၆၀)မြေကွက်၏ မြေချစလစ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကကျေးဇူးဆပ်ပါမည်။

Ph.09254384859

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၁၃၇)၊ အမည်ပေါက် ဦးညွန့်လွင် ကွယ်လွန်သဖြင့် ၄င်း၏ဇနီးဖြစ်သူ ဒေါ်မြသိန်း ၁၂/သလန(နိုင်)၀၀၂၇၉၀မှ ငွေသွင်းချလန်(မူရင်း)နှင့် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ(မူရင်း)တင်ပြ၍ မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော CHINNERY ASSETS LIMITED သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-1 နှင့် AD-8 တို့တွင် တွင်းတူးဖော်ခြင်းလုပ်ငန်းများကို Ultra Deep Water Unit (HAI YANG SHI YOU 0981 ) ဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၀၁၅ ခုနှစ်ဇွန်လ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ တွင်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်သွားမည့် တည်နေရာများမှာ Well No, AD1 -1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၉ မိနစ် ၄၄. ၂၉၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၂၇ . ၆၃၉ စက္ကန့်နှင့် Well No, AD8-1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၀၁ . ၀၇၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၄ မိနစ် ၄၁ . ၀၂၁ စက္ကန့်တို့တွင်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-1 နှင့် AD-8 တွင် တွင်းတူးဖော်ခြင်းလုပ်ငန်းများကို Ultra Deep Water Unit (HAI YANG SHI YOU 0981) ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ( Notic to Mariners ) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာနှင့် ဥယျာဉ်ကျစ်ကျေးရွာတို့ လျှပ်စစ်မီးတိုးချဲ့ရရှိရေး အလေးထားဆောင်ရွက်လျက်ရှိ

**ပွင့်ဖြူ ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ရှောက်တောကျေးရွာနှင့် ဥယျာဉ်ကျစ်ကျေးရွာ နှစ်ရွာအတွက်လျှပ်စစ်ဗို့အား ၃၁၅ ဝပ် ထရန်စဖော်မာ တစ်လုံးသာရှိသဖြင့် လျှပ်စစ်မီတာများ မီးလုံလောက်စွာအသုံးမပြုရသဖြင့် တိုးချဲ့တပ်ဆင်ပေးရန် ဒေသခံများဆန္ဒရှိနေကြောင်း သိရသည်။

ရှောက်တောကျေးရွာနေ ဦးသိန်းမင်းက "ကျွန်တော်တို့ရွာမှာ ၁၉၅၈ ခုနှစ်ကတည်းက ဗို့အား ၂၅ ဝပ် ထရန်စဖော်မာတစ်လုံးနဲ့ မီးလင်းခဲ့တာပါ။ နောက်ပိုင်း ဗို့အား ၁၀၀ ဝပ် ထရန်စဖော်မာ တစ်လုံးကို ပြောင်းတပ်ခဲ့တယ်။ ၂၀၁၃-၂၀၁၄ လောက်မှာ အခုအသုံးပြုနေတဲ့ဗို့အား ၃၁၅ ဝပ် ထရန်စဖော်မာကို ပြောင်းလဲတပ်ခဲ့တယ်။ လက်ရှိအခြေအနေမှာ သုံးစွဲသူများလာတော့ မနိုင်ဝန်ထမ်းနေရသလိုဖြစ်နေတယ်ဗျာ" ဟု ပြောသည်။

ဒေသခံ ဦးစန်းငွေက "ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၅၇၆ နှင့် ဥယျာဉ်ကျစ်ကျေးရွာမှာ အိမ်ခြေ ၃၁၈ ရှိပြီး နှစ်ရွာပေါင်းရင်အိမ်ခြေ ၈၉၄ အိမ်ရှိပါတယ်။ လျှပ်စစ်မီတာ ၄၇၂ လုံးတပ်ဆင်အသုံးပြုနေပါတယ်။ စက်ရုံသုံး ပါဝါမီတာ အလုံး ၃၀ ကလည်းရှိနေတော့ လက်ရှိဗို့အား ၃၁၅ ဝပ် ထရန်စဖော်မာက လုံလုံလောက်လောက် မီးမပေးနိုင်တော့ဘူး၊ ဆန်စက်တွေ၊ ဆီစက်တွေ၊ သစ်စက်တွေအတွက်လည်း အခက်အခဲဖြစ်ရပြန်တယ်"ဟု ဆိုသည်။

ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့ကို ရည်ရွယ်ပြီး မီတာလျှောက်ချင်ကြသည့် အိမ်ထောင်စု ၅၀ ခန့်ရှိကြောင်း၊ ရွာတွင် အိမ်ခြေများလာ၍ မီးသုံးစွဲ သူလည်းများလာကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဇော်ဇော်အောင်က ရှောက်တောကျေးရွာတွင် မီးလိုင်းများတိုးချဲ့ရန်၊ ဥယျာဉ်ကျစ်ကျေးရွာတွင် ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်ပေးရန် အထူးအလေးထားပြီး ဆောင်ရွက်နေပါကြောင်း၊ ၂၀၁၅ ခုနှစ် ဘတ်ဂျက်ကျသည်နှင့် ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားသည်။

**ကောင်းသုတ(မင်းဘူး)**

# တာချီလိတ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၇၈ ပြားဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

မူးယစ်တပ်ဖွဲ့စု (၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက်က တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဟွေ့ရဲပူးပေါင်းစစ်ဆေးရေးစခန်းတွင် လော်မြာမောင်းနှင်ပြီး လော်ဆုလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်နှင့် လော်ပယ်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့ကို ရှာဖွေရာ လော်ဆုလွယ်ထားသည့် လွယ်အိတ်အတွင်းနှင့် ၄င်း၏ မော်တော်ဆိုင်ကယ်လေစစ်ဘူးအတွင်းတို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၈ ပြားလည်းကောင်း၊ လော်ပယ်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်လေစစ်ဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကိုလည်းကောင်း စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၂၇၈ ပြားသိမ်းဆည်းရမိသဖြင့် လော်မြာ(၂၀နှစ်)၊ လော်ဆု (၃၄နှစ်)နှင့် လော်ပယ်(၁၉နှစ်)တို့ သုံးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နောင်ချိုမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၀ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃ ရက်က နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် ကျေးသီးမြို့နယ် ဝမ်တပ်ကျေးရွာမှ နောင်ချိုဘက်သို့ စိုင်းစောလှ မောင်းနှင်ပြီး စိုင်းလွတ်လျှံန်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ လေစစ်ဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၀ သိမ်းဆည်းရမိသဖြင့် စိုင်းစောလှ (၂၇နှစ်) နှင့် စိုင်းလွတ်လျှံန်း(၂၁နှစ်) တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ ဇန်နဝါရီလ၊ ၁၇-၁၈၊ (၄၃)ကြိမ်မြောက် မျက်စိခွဲစိတ်ကုသပေးခြင်းဒါနပါဝင်လှူဒါန်းနိုင်

(AccountNo.00730200701690391)

"ဘုရားအဆူဆူ နိဗ္ဗာန်ယူသည့် ကုသိနာရုံ မလ္လာရာမ ဝိဟာရ၌ ဒါနမှတ်တိုင် စိုက်ထူနိုင်ပြီ"

သံဝေဇနိယလေးဌာနတွင် သံဝေဂအရဆုံးဌာနဖြစ်သော ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူရာ အိန္ဒိယနိုင်ငံ ၊ ယူပီပြည်နယ် ၊ ကုသိနာရုံ၌ ဗုဒ္ဓဂယာ မဟာအောင်မြေကျောင်းဆရာတော် ဘဒ္ဒန္တ ဒေါက်တာဇဝန ဦးစီး၍ "မလ္လာရာမဝိဟာရမြန်မာကျောင်း" ဆောက်လုပ်လျက်ရှိရာ မြေကွက်(၁)စတုရန်းပေလျှင် (၁၀,၀၀၀)ကျပ်၊ ကျောင်းဆောင် (၁)စတုရန်းပေလျှင် (၂၀,၀၀၀)ကျပ်နှုန်းဖြင့် ရုံးချိန်အတွင်း အောက်ပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည် -

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များ

ရုံးချုပ်-ဘဒ္ဒန္တဝိစိတ္တ ၊ မြဟူဝိဟာရကျောင်း ၊ စဉ္စဝန်ကျောင်းတိုက် ၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်။ ဖုန်း - ၀၉၄၃၂၀၄၃၇၂

ရာပြည့်စာအုပ်တိုက် နှစ်ပတ်လည်အထိမ်းအမှတ် အထူးလျှော့ဈေး စာအုပ်ရောင်းပွဲ
တစ်ဦးချင်း ၂၀%၊ ကိုယ်စားလှယ် ၃၀%၊ အခြားတိုက်ထုတ် ၁၀% လျှော့

ဖျံ-ဒ-ကောင် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ဒေါက်တာနိုင်ငြိမ်းအောင် Ph.D. (Alternative Medicines)

# အသိဉာဏ်အလင်းဖွင့်ပေးမည့် e-Library ပြည်သူများနှင့်ရင်းနှီးစေလို

❑ အမေး/အရေး–ကိုသက်(ဖါးကုန်း)



ပဲခူးတိုင်းဒေသကြီး ဖါးကုန်းမြို့ စည်ပင်သာယာ ပန်းခြံဝင်းအတွင်း အလျား ၃၆ ပေ၊ အနံ ၂၈ ပေခန့်ရှိ အဆောက်အအုံကို စက်တင်ဘာ ၉ ရက်က စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးတော့မည်ဖြစ်သည်။ ဖါးကုန်းဒေသခံများအတွက် နည်းပညာအကူအဖြင့် ဗဟုသုတကို ပိုမိုလွယ်ကူစွာ ရယူပေးနိုင်ခြင်းအတွက် မြန်မာ့မျက်ပွင့်စာကြည့်တိုက် e-Library သည် ရုပ်လုံးပေါ်လျက်ရှိပြီ။ ဒေသခံများ လွယ်လင့်တကူ အသုံးပြုနိုင်စေရန် ဆောင်ရွက်နေသော စာကြည့်တိုက်တာဝန်ခံ ဦးမြင့်သိန်းအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ e- Library က ပြည်သူလူထုကို ဘယ်လိုဝန်ဆောင်မှုတွေ ပေးအပ်သွားမလဲ။**

ဖြေ။ ပုံမှန်စာကြည့်တိုက်တွေလို စာဖတ်ခန်းနဲ့ စာအုပ်မျိုးစုံကို စနစ်တကျစုဆောင်းထားရှိသွားမှာဖြစ်ပါတယ်။ ကဏ္ဍပေါင်း ၁၅ မျိုး ခွဲခြားထားပြီး လက်ရှိမှာ စာအုပ်ပေါင်း ၂၂၀၀ ကျော်ကို စုဆောင်းထားပြီးဖြစ်ပါတယ်။ တစ်ဖက်မှာလည်း တိုးတက်လာတဲ့ ခေတ်စနစ်နဲ့အညီ အီလက်ထရွန်နစ် စာကြည့်တိုက်စနစ်ကို အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ ပုံမှန်စာကြည့်တိုက်ထက် အားသာတဲ့အချက်တွေက e-book တွေ ဖတ်နိုင်အောင် ကွန်ပျူတာ ၁၃ လုံး တပ်ဆင်ပေးထားမယ်။ e-Library ELIB ဆာဗာ တပ်ဆင်ထားပြီး စာကြည့်တိုက် ထိန်းချုပ်မှု ဆာဗာကိုလည်း တပ်ဆင်နေပါတယ်။

**မေး။ e- Library ရဲ့ အားသာချက်တွေကိုပြောပြပေးပါ။**

ဖြေ။ ရိုးရိုးစာကြည့်တိုက်ထက် ပိုမိုလွယ်ကူရိုးရှင်းပါတယ်။ ကျွန်တော်တို့က အင်တာနက်ကို ဖုန်းလိုင်းကနေ အေဒီအက်စ်အယ်လ် ၂ ဒသမ ၅ အမ်ဘီ လိုင်းရယူထားပြီး အေဒီအက်စ်အယ်လ်ရဲ့ အမြင့်ဆုံးလိုင်းဖြစ်တာကြောင့် အင်တာနက်ကောင်းမွန်စွာ သုံးစွဲနိုင်မယ်။

**မေး။ စာဖတ်သူတွေအတွက် အသုံးပြုနိုင်မယ့် နည်းလမ်းကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ e- Library ကို ဗဟိုထားလို့ ဝိုင်ဖိုင်တွေ လွှင့်ပေးထားမယ်။ အနီးပတ်ဝန်းကျင် ပေ ၃၀၀ ပတ်လည်က ကောင်းကောင်းသုံးစွဲနိုင်တယ်။ ဒါ့အပြင် ပေ ၃၀၀ အကွာမှာ ဝိုင်ဖိုင်တိုင်တစ်ခု ထပ်မံထောင်ထားပေးမှာမို့ နောက်ထပ်ပေ ၃၀၀၊ စာကြည့်တိုက်ရဲ့ စုစုပေါင်း ပေ ၆၀၀ အကွာအဝေးအထိ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ e-book အနေနဲ့ ELIB စနစ်ကို သုံးလို့ သုတရသစာအုပ် ၁၅၀၀ ခန့် ထည့်သွင်းထားပါတယ်။ စာကြည့်တိုက်တစ်ခုလုံးကို စီမံခန့်ခွဲတဲ့အခါ Library Management System Software ကို အသုံးပြုထားလို့ စာအုပ်ရှာတာဖြစ်ဖြစ်၊ စာအုပ်ငှားရမ်းတာဖြစ်ဖြစ်၊ ပြန်လည်အပ်နှံတာဖြစ်ဖြစ် အားလုံးကို လွယ်ကူစွာနဲ့ လုပ်ဆောင်ပေးနိုင်ပါပြီ။ ။

## မြိုင်မြို့စည်ပင်သာယာဈေးအတွင်း လျှပ်စစ်နှင့် မီးဘေးကာကွယ်ရေးဆောင်ရွက်

**မြိုင် ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး မြိုင်မြို့ အမှတ်(၂)ရပ်ကွက် စည်ပင်သာယာဈေးအတွင်း လျှပ်စစ်အန္တရာယ်နှင့် မီးဘေးအန္တရာယ်များ ကင်းဝေးစေရေးအတွက် မြိုင်မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့၊ ဈေးတာဝန်ခံများက ပူးပေါင်းဆောင်ရွက်ပညာပေးခဲ့ကြောင်း သိရသည်။

ဈေးအတွင်းရှိ ဆိုင်ခန်းများ လျှပ်စစ်မီးသုံးစွဲမှုနှင့် ဝါယာကြိုးတပ်ဆင်ခြင်း လုံခြုံမှုရှိစေရန်၊ လုံခြုံရေးမီတာနှင့် ဆိုင်ခန်းသုံး မီတာများ၊ ဒါးမိန်းတပ်ဆင်အသုံးပြုမှုများစသည်ဖြင့် အသိပညာပေးခဲ့ပြီး ဈေးတာဝန်ခံ ဦးဘိုဝင်းက ဈေးအတွင်း ရေလိုင်း၊ မီးလိုင်းနှင့် ရေလှောင်ကန်၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားသည့် ဈေးပတ်လည် မီးသတ်ရေငုတ်တိုင်များထားရှိမှုနှင့် ဈေးသုံး မီးသတ်အပေါ့စားစက်များ ကြံ့ခိုင်မှုကို စစ်ဆေးပေးခဲ့ပြီး မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူး သုံးစွဲခြင်းများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

(၁၈၄)

## နွေစပါးနှင့် ပဲမျိုးစုံစိုက်ပျိုးသည့် တောင်သူများအား ကျိုက်ထို၌ ချေးငွေထုတ်ချေး

**ကျိုက်ထို ဇန်နဝါရီ ၇**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ကျိုက်ထို) ဘဏ်ခွဲတွင် ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက နွေစပါးနှင့် ပဲမျိုးစုံစိုက်ပျိုးမည့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ငွေများ ထုတ်ချေးပေးခဲ့သည်။

ချေးငွေထုတ်ချေးပေးရာတွင် နွေစပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်း ပဲမျိုးစုံတစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းသတ်မှတ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဒေါ်မြင့်မြင့်သန်း ကြီးကြပ်ရေးမှူး ဦးလင်းထိုက်အောင်နှင့် ဝန်ထမ်းများကကျေးရွာဘဏ်အစုအဖွဲ့ ၁၃၂ ဖွဲ့မှလူဦးရေ ၈၆၆ ဦးပိုင် လယ်မြေဧက ၆၁၀၄ ဧကအတွက် ငွေကျပ် ၁၈၈၉ ဒသမ ၆၀)သိန်းအား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**


**မြေဧက (၂၀)ရောင်းမည်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဝွေးတောက်အိုင်အုပ်စု၊ မြေနီကွင်းရွာ၊ နေပြည်တော်အမြန်လမ်းမကြီးဘေး၊ မိုင်တိုင် ၁၇ မိုင် ၁ဖာလုံရှိ မြေနေရာကို ရောင်းမည်။ **ဖုန်း–၀၉–၅၃၁၁၉၆၃**

**EVER GREEN BEAUTY SALOON**

**ဝန်ထမ်းအမြန် အလိုရှိသည်**

အမှတ် ၃၇၁၊ အရှေ့ဝါယာလက် ၁ လမ်း၊ မရမ်းကုန်း၊ ကျောက်မျက်ရတနာရုံးရှေ့၊ ကမ္ဘာအေး၊ (၉)ရပ်ကွက်
ဖုန်း–၀၉–၅၀၇၂၄၇၅၊ ၀၉–၂၅၀၂၈၄၁၅၅၊
၀၁–၇၀၅၇၅၄
– ခေါင်းလျှော်ကျွမ်းကျင် အမျိုးသမီး (၅) ဦး
နေရေး၊ စားရေးစီစဉ်ပေးမည်။

**ရောင်းမည်**

ကျောက်စိမ်းလက်ကောက် ဖောက်ဆံ ဆံရေ– ၃၂၀၀၀၊ အကျိုးဆောင်ခ–၅% ပေးမည်။
**ဖုန်း–၀၉–၃၃၃၅၂၅၁၈**

**ဂျပန်စာ**
**လေ့လာနေသူများအတွက်**

ဂျပန်စာ(4Skills) (၉၀၀၀/ကျပ်)၊ ဂျပန်စကားပြော(၁၀၀၀၀/ကျပ်)၊ N5, N4, N3,N2 စာမေးပွဲ၊ လုပ်ငန်းသုံးဂျပန်စကားပြောအမြန်တန်းခွဲသစ်များဖွင့်ပြီ။ JLPT စာမေးပွဲအတွက် စာအုပ်သစ်များ၊ မေးခွန်းဟောင်းများ၊ သီချင်း၊ စာအုပ်+သီချင်းခွေ၊ စကားပြောစာအုပ်+အခွေများ ရောင်းသည်။ NAT-TEST စာမေးပွဲအနီးကပ်

**EVER TOP**
**ဘာသာစကားသင်တန်းကျောင်း**
အမှတ် (၆၆ / ၆၈)၊ ၅၇လွှာ၊အင်းစိန်လမ်း၊ကမာရွတ်
(စံရိပ်ငြိမ်မှတ်တိုင် / လှည်းတန်းအနီး)
Ph: 098770096, 0973040610

**မြေကွက်ရောင်းရန်**

ဒဂုံမြို့သစ်၊ ပေ(၄၀×၆၀)၊ ၈၉သိန်း၊ ပွဲစား၊ ဝယ်ရောင်းလုံးဝမလို
**(အခွန်ဆောင်ရန် မလိုပါ)**
**ဖုန်း–၀၉–၂၅၀၁၄၇၆၂၄**

**SEVEN စံ အိမ်ခြံမြေ**
**မြေကွက်ရောင်းဝယ်ရေး**

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ။
အိမ်အရောက် ငွေပေးချေသည်။
* ပွဲခလုံးဝမယူပါ *
ဖုန်း–၀၁–၂၀၅၇၄၈၊
၀၉–၃၃၃၃၅၁၄၊ ၀၉–၃၁၉၅၈၉၅၈

**အဓိက**
အမှတ်တံဆိပ်

▸ လက်ဖဝါးကွဲ
▸ ခြေဖဝါးကွဲ
▸ ခြေဖနောင့်ကွဲ
▸ အသားမာတက်နှင့်
▸ ငါးမျက်စိဖြစ်ခြင်းများအတွက် သုံးစွဲနိုင်ပါသည်။

Ph: 01 - 379385


# ဂုဏ်ယူဝမ်းမြောက်ကြောင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၊ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၊ ခရိုင်အလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်သူ ဦးသိန်းဝင်း(ခ) ဦးသိန်းဝင်းမြတ် (ဝင်းအိချောကုမ္ပဏီလီမိတက်- WEC နှင့် ဇင်ယော်နီ ဖိနပ်ရောင်းဝယ်ရေး)အား ဗုဒ္ဓဘာသာသာသနာတော်အတွက် ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနိုင်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးက ချီးမြှင့်သည့် ၂၀၁၅ ခုနှစ် သာသနာတော်ဆိုင်ရာ သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်အား ချီးမြှင့်ခြင်းခံရသည့်အတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် သာသနာနုဂ္ဂဟအသင်းကြီးမှ အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဘာသာရေး၊ သာသနာရေးကိစ္စများကို ဆက်လက်၍ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ခရိုင်ဥက္ကဋ္ဌနှင့်**
**ခရိုင်အလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**အရှေ့ပိုင်းခရိုင်သာသနာနုဂ္ဂဟအသင်း**
**ရန်ကုန်တိုင်းဒေသကြီး**

ကြော်ငြာ

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၅ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၇-၁-၂၀၁၅ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၇-၁-၂၀၁၅ ရက်နေ့မှ ၂၂-၁-၂၀၁၅ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်။

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ်၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆ လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၇၅၀၀ဝိ /-ကျပ်ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သား အခြေခံလစာ ၇၆၀၀ဝိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)(အခြေခံလစာ-၉၄၀၀ဝိ+အရည်အချင်းလစာ ၁၀၀ဝိ+ M.H.R.A ၅၀၀ဝိ=၁၀၀၀၀ဝိ) အဖြစ် ခန့်အပ်ပေးမည်။ [ ၎င်းအပြင် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀ဝိ/-) ခံစားခွင့်ပြုသည်။]

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၉၄၀၀၀ | ၁၅၀၀ | ၅၀၀၀ | ၁၀၀၅၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၉၄၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၀၁၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၁၀၆၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၃၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၁၁၂၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၉၀၀၀ |

**မှတ်ချက်။** (၁) နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀ဝိ/- နှုန်းဖြင့် ၅၀၀ဝိ/- အထိ ခံစားခွင့်ရှိသည်။
(၂) နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀ဝိ/-) ခံစားခွင့်ပြုသည်။

၇။ ဘာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

ကြော်ငြာ

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

